# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၄၆)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ၂-၅-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးနေမှုကို တွေ့ရစဉ်။

## မန္တလေးတိုင်းဒေသကြီးအတွင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်၍ သင်ခန်းစာများ အနီးကပ် သင်ကြားပို့ချပေးလျက်ရှိ

**မန္တလေး မေ ၁**

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်တွင် ပြန်လည်ဖြေဆိုကြရမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်၍ တက္ကသိုလ်များမှ ပါမောက္ခများနှင့် အခြေခံပညာဆရာ၊ ဆရာမများက သင်ခန်းစာများကို အနီးကပ်သင်ကြားပို့ချပေးလျက်ရှိသည်။

စာမျက်နှာ ၄ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ မေ ၂ ရက်၊ သောကြာနေ့။

မန္တလေး

## ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိ

ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းမှ ဝင်ငွေတိုးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ပြည်သူများ ဝင်ငွေတိုးပွားစေရေးအတွက် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လာနိုင်စေရန် အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ လုပ်ငန်းသုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။

ထို့အပြင် ဝင်ငွေတိုးစီမံကိန်းအရ ကျေးရွာများကို ရွေးချယ်ရာတွင် ဒေသထွက်ကုန်ကြမ်းများကို အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာရှိခြင်း၊ ထုတ်ကုန်များကို ဈေးကွက်သို့ပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အချက်အချာကျခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများသည် အသေးစားကုန်ထုတ်လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုရှိပြီး လုပ်ငန်းထူထောင်ရန် စိတ်အားထက်သန်ခြင်း၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများ ပေါများစွာထွက်ရှိခြင်း၊ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း စသည့်အချက်များအပေါ် အခြေခံ၍ ရွေးချယ်ခြင်းဖြစ်သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် နည်းပညာဆိုင်ရာသင်တန်းများကို သင်ကြားပေးလျက်ရှိရာတွင် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်နှင့် အလှကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လက်မှုထည်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ သံဂဟေဆက်နည်းပညာသင်တန်း၊ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်မှုနည်းပညာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းနည်းပညာသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများပြုပြင်ခြင်းနည်းပညာသင်တန်း၊ လက်ရက်ကန်း၊ စက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်ဆိုင်ရာနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်း စသည်တို့အပါအဝင် နည်းပညာသင်တန်းများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန် သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် သင်တန်းတွင် ထူးချွန်သူ၊ လုပ်ငန်းထူထောင်ရန်ဆန္ဒရှိသူ၊ အမြော်အမြင်ဗဟုသုတရှိသူတို့မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကူညီပံ့ပိုးပေးမှုဖြင့် လုပ်ငန်းများထူထောင်လာနိုင်သည်။

ကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးမှာ လယ်ယာစိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဖြစ်ပြီး လုပ်ငန်းသဘာဝအရ ရာသီအချိန်အလိုက်သာဆောင်ရွက်ရခြင်း၊ မိသားစုအတွင်း အလုပ်လုပ်ကိုင်နိုင်သူဦးရေများရှိနေခြင်း စသည်တို့ကြောင့် အချိန်နှင့်လုပ်အားပိုလျှံမှုများရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်က လုပ်အားပိုလျှံမှုအပေါ်တွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးကို စီမံဆောင်ရွက်ပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်မှာ ကျေးလက်ဒေသများတွင် နေထိုင်ကြခြင်းဖြစ်ရာ ကျေးလက်ဒေသများကို ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက်စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရေးအတွက် နိုင်ငံတော်က စီမံကိန်းများချ၍ ဖော်ဆောင်ပေးလျက်ရှိရာတွင် ကျေးလက်နေပြည်သူများ၏ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်မှုလည်း လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးဝန်းကျင် လေအရည်အသွေးလေ့လာဆန်းစစ်လက်ခံနိုင်သော လေထုအရည်အသွေးအဆင့်ရှိ

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သတ်မှတ်နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

လေအရည်အသွေးတိုင်းတာရာတွင် ၂ ဒသမ ၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ၊ ၁၀မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်၊ အိုဇုန်းနှင့် ကာဗွန်မိုနောက်ဆိုဒ်တို့အား တိုင်းတာခဲ့ရာ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ဦးမြို့၊ ကျောက်ဆည်မြို့၊ ပြင်ဦးလွင်မြို့၊ မိတ္ထီလာမြို့တို့တွင် လေထုအတွင်း ၂ဒသမ ၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ တွေ့ရှိရသော်လည်း လက်ခံနိုင်သော လေထုအရည်အသွေးရှိကြောင်း၊ ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ၂ ဒသမ ၅ မိုက်ခရွန်အရွယ်အမှုန်အမွှား တွေ့ရှိမှုများပြီး ကျန်းမာရေးကို ထိခိုက်စေသောအဆင့်ရှိကြောင်း ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ပတ်ဝန်းကျင် လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်း ထုတ်ပြန်ချက်အရ သိရသည်။

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်သော အခိုးအငွေ့များနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက သုံးသပ်ထားသည်။ (ဝ၄၅)

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၁ ရက်အထိ သေဆုံးသူ ၃၈၃၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၅ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၉ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီ ၃၀ ရက် ည ၇ နာရီမှ မေ ၁ ရက် ညနေ ၅ နာရီအတွင်း မြန်မာ-ထိုင်ဝမ်ကုန်သည်ကြီးများအသင်းမှ လှူဒါန်းသည့် ခြင်ထောင်၊ ခေါက်ဆွဲခြောက်နှင့် ရွက်ဖျင်တဲ စုစုပေါင်းတန်ချိန် ၁ ဒသမ ၃၄၂ တန်နှင့် Full Moon Services Ltd. မှမှာယူ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ငလျင်ဘေးသင့်ဝန်ထမ်းများ အသုံးပြုနိုင်ရန် လှူဒါန်းသည့် ရွက်ဖျင်တဲ တန်ချိန် ၃ ဒသမ ၁ တန်ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဝ-ဝ-ဝ-ဝ-ဝ

## မန္တလေးတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ ဈေးနှုန်းမှန်ကန်စွာ ရောင်းချစေရေး လိုက်လံစစ်ဆေး



**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များတွင် ဈေးနှုန်းမှန်ကန်စွာ ရောင်းချစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း မရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် လိုက်လံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အရောင်းဆိုင်များမှ ရောင်းချရာတွင် အမြတ်ငွေ ၁၅ ရာခိုင်နှုန်းထက် ကျော်လွန်ရောင်းချပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဟု ဆိုသည်။

"ဧပြီ ၂၂ ရက်ကစပြီး ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်တွေကို လိုက်လံစစ်ဆေးပါတယ်။ ငလျင်လှုပ်ရှားမှုကြောင့် အဆောက်အအုံတွေ ထိခိုက်ပျက်စီးတဲ့အခါ ဆောက်လုပ်ရေးပစ္စည်းတွေကို ဈေးနှုန်းမြှင့်ရောင်းချတာမရှိအောင်နဲ့ ဈေးနှုန်းတည်ငြိမ်စေဖို့ လိုက်လံစစ်ဆေးတာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လိုက်လံစစ်ဆေးသည့်ပူးပေါင်းအဖွဲ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့တော်စည်ပင်သာယာ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ပါဝင်ပြီး ဖြစ်သင့်ဖြစ်ထိုက်သောဈေးနှုန်းဖြင့် ရောင်းချစေရေးဆောင်ရွက်ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၉)**

ဝ-ဝ-ဝ-ဝ-ဝ

## ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်းသို့ သဘာဝမြေငလျင်ဘေးကူညီရန် မတည်အလှူငွေများ လှူဒါန်း

**မန္တလေး မေ ၁**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ၊ ရွှေစံကိုင်းရပ်ရှိ ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်းသို့ ဧပြီ ၃၀ ရက်က မန္တလေးမြို့နေ Sky Mobile မိသားစုမှ သဘာဝမြေငလျင်ဘေးပရိတ်ရွတ်သံဃာတော်များအတွက် အလှူတော်ငွေကျပ် ၁၁၀၀၀၀၀၊ မန္တလေးမြို့နေ ဦးမောင်မောင်လွင်မိသားစုမှ သဘာဝမြေငလျင်ဘေးသင့်သောဒေသများတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန်အတွက် အလှူငွေကျပ် ၃၀၀၀၀၀၊ မန္တလေးမြို့နေ မိခင်ကြီးဒေါ်သောင်း ၉၆ နှစ်ပြည့် မွေးနေ့အလှူငွေကျပ် ၅၀၀၀၀၀ တို့အား အသီးသီးလှူဒါန်းကြရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မျိုးထိုက်၊ အတွင်းရေးမှူး ဦးလှိုင်မျိုးမင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြကြောင်း သိရသည်။

**(အောက်ပုံ) (ကျော်မင်းသော်)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ





နေပြည်တော် မေ ၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့မီးရထား၏ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးက ဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်ကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ (၁၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကာလအတွင်း မီးရထားတိုင်းနယ်မြေ၊ စက်ရုံ၊ ဆေးရုံများအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုများ၊ တစ်နှစ်တာကာလအတွင်း မိမိ၏လုပ်ငန်းတာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများ၊ ရေဘေးနှင့်မြေငလျင်ဘေး စသည့်သဘာဝဘေးဒဏ်ကြောင့် ရထားလမ်းပိုင်းပျက်စီးမှုများအပေါ် ရထားစီးခရီးသည်များ ဘေးအန္တရာယ်မကျရောက်စေရေးနှင့် ရထားများ အမြန်ဆုံး ပြန်လည်ပြေးဆွဲနိုင်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အမှုထမ်းနှင့် အရာထမ်းများ၊ မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများတွင် ပိတ်မိခဲ့ကြသူများကို သက်စွန့်ကြိုးပမ်း ကယ်တင်ပေးခဲ့ကြသည့် ဝန်ထမ်းများနှင့် အဆိုပါကာလ လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## (၁၂)ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲ ပြုလုပ်



နေပြည်တော် မေ ၁

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံရေတပ်အရာရှိငယ်များ တွေ့ဆုံပွဲ (12th ASEAN Navy Young Officers Interaction) ကို ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

**ဆွေးနွေး**

တွေ့ဆုံပွဲသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များသည် ဧပြီ ၂၈ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။ တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် အရာရှိငယ်များသည် ဧပြီ ၂၉ ရက်တွင် ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊ နိုင်ငံအလိုက် ရေတပ်သမိုင်းကြောင်း ရှင်းလင်းခြင်းနှင့် "ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရေကြောင်းလုံခြုံရေး ပေါင်းစည်းညီညွတ်အားဖြင့် ဟန်ချက်ညီ ဆောင်ရွက်ကြပါစို့" ခေါင်းစဉ်အား ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များအား စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် Lotte Hotel ရှိ Sapphire Ballroom ခန်းမ၌ ကြိုဆိုလက်ခံ တွေ့ဆုံခဲ့သည်။ ဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) က နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံနိုင်ငံများမှ ရေတပ်အရာရှိငယ်များက တစ်ဦးချင်း နှုတ်ဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ညပိုင်းတွင် စစ်ဦးစီးအရာရှိချုပ်(ရေ)က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အာဆီယံ ရေတပ်အရာရှိငယ်များသည် တပ်မတော်(ရေ) လေ့လော့ရွက်တိုက် အသင်း (အင်းလျားကန်)တွင် လေ့လှော်ခြင်းနှင့် ရွက်တိုက်ခြင်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ခဲ့ကြပြီး အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စုမှ စစ်ရေယာဉ်ကို သွားရောက်လေ့လာခြင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာကြည့်ရှုခြင်းနှင့် ရွှေတိဂုံဘုရား၊ ဗိုလ်ချုပ်အောင်ဆန်း ဈေးတို့သို့ လေ့လာရေးခရီးများ သွားရောက်ခဲ့ကြသည်။ အာဆီယံရေတပ်အရာရှိငယ်များသည် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒေသန္တရစီမံကိန်း ရည်မှန်းချက်များတာဝန်ပေးအပ်ပွဲ ကျင်းပ

**မန္တလေး မေ ၁**

မန္တလေး၊ အမရပူရမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက အမရပူရခရိုင်၊ အမရပူရမြို့နယ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် အမရပူရခရိုင်စီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွဲ့က စီမံကိန်းရည်မှန်းချက်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ စီမံကိန်းတာဝန်များကို ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးထံသို့လည်းကောင်း၊ လယ်ယာကဏ္ဍကြီး ကိုယ်စားအတွက် အမရပူရမြို့နယ်မြေစာရင်းဦးစီးမှူးထံသို့လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍကြီးကိုယ်စား မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းမန်နေဂျာထံသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး ကိုယ်စား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံသို့လည်းကောင်း၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကိုယ်စား မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူးထံသို့လည်းကောင်း အသီးသီးပေးအပ်ခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

☆ ရှေ့ဖုံးမှ

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာမေးပွဲပြန်လည် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ဧပြီ ၂၈ ရက်မှ စတင်၍ သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျ ပြန်လည်သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်ခွန်အား ပြန်လည်မြှင့်တင်နိုင်ရန် အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

### သင်ကြားပေးလျက်ရှိ

ယင်းသို့သင်ကြားပို့ချပေးလျက်ရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုအောင်က "ကျွန်မတို့ ကျောင်းမှာတော့ စာမေးပွဲပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက် Camp ဖွင့်လှစ်ပြီး သင်ကြားပေးလျက် ရှိပါတယ်။ ကလေးတွေ စားသောက်ရေး အဆင်ပြေစေဖို့အတွက် မနက်စာ၊ နေ့လယ်စာနဲ့ ညစာတွေ စီစဉ်ပေးထားပါတယ်။ နေထိုင်ရေးအတွက်လည်း အိပ်ရာခင်း၊ ဖျာ၊ ခေါင်းအုံး၊ စောင်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာခဲနဲ့ ဆေးဝါးအပါအဝင် အသေးစိတ် စီစဉ်ပေးထားပါတယ်။ Camp ကို ဧပြီ ၂၈ ရက်က စတင်ဖွင့်လှစ်ပြီး ကလေးတွေ စာမေးပွဲ ဖြေဆိုပြီးတဲ့အထိ ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ စာသင်ချိန်အနေနဲ့ ဘာသာရပ်အလိုက် နံနက်၈ နာရီက စပြီးသင်ကြားပေးပါတယ်။ ညဘက်မှာလည်း သင်ခန်းစာတွေကို Revision သဘောမျိုး ပြန်လည်ဆောင်ရွက်ပေးပါတယ်။ ကျွန်မတို့ကျောင်းမှာတော့ ကျောင်းသား ကျောင်းသူ ၅၁ ဦး ရှိပါတယ်။ နောက်ထပ်ကလေးတွေ ထပ်ရောက်ဖို့လည်း ရှိပါတယ်။ အခုလို နိုင်ငံတော်ရဲ့ စီစဉ်ဆောင်ရွက် ပေးမှုအပေါ် ကလေးတွေကလည်း အားတက်သရောရှိကြပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ စာတွေပြန်လုပ်ကြတဲ့အတွက် ကျွန်မအနေနဲ့လည်း ဝမ်းသာမိပါတယ်။ စာမေးပွဲကိုလည်း အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။



တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးနေမှုကို တွေ့ရစဉ်။

ထို့ပြင် ပညာရေးဝန်ကြီးဌာန အနေဖြင့် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် Text Book၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံနှင့် သင်ကြားမှု အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးသည့်အပြင် သင်ခန်းစာနှင့် သက်ဆိုင်သည့် အထောက်အကူပြု သင်ခန်းစာ စာရွက်စာတမ်းများကိုလည်း ဖြန့်ဝေပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် လေ့ကျင့်သင်ကြားရေးစခန်း၌ သင်ခန်းစာများ ပြန်လည်သင်ကြားနေသည့် ကျောင်းသူ မနီနီမြတ်မှူးကလည်း "စာမေးပွဲ ပြန်လည်ဖြေဆိုရမယ်ကြားတော့ ကျွန်မအနေနဲ့ ဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမဖြေဆိုခဲ့တဲ့ စာမေးပွဲမှာ အားနည်းခဲ့တဲ့ ဘာသာရပ်တွေရှိခဲ့တယ်။ အခု ပြန်လည်ဖြေဆိုရမယ့် စာမေးပွဲမှာ အစွမ်းကုန်ကြိုးစားနိုင်မယ့် အခွင့်အရေးရတယ်လို့ မြင်မိပါတယ်။ ငလျင်ကြောင့် အဖြေလွှာတွေ ပျက်စီးသွားတဲ့အတွက် နှမြောမိပေမယ့် သဘာဝဘေးအန္တရာယ်ဆိုတာ ကြိုမသိနိုင်တဲ့အတွက် အခုလို စာမေးပွဲ ပြန်လည်ဖြေဆိုပေးရမယ့်အပေါ်မှာ လက်ခံပေးရမှာ ဖြစ်ပါတယ်။ Camp မှာတော့ ဘာသာရပ်အလိုက် တစ်ဘာသာကို တစ်နာရီခွဲနှုန်းနဲ့ သင်ကြားပို့ချပေးနေပါတယ်။ ဒီမှာနေရတာ နေထိုင်စားသောက်ရေး အားလုံးအဆင်ပြေပါတယ်။ ဆရာမတွေကလည်း ဂရုတစိုက်နဲ့ ဆောင်ရွက်ပေးပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်ကတော့ နည်းပညာတက္ကသိုလ်တက်ချင်တာပါ။ ဒီရည်ရွယ်ချက်ပြည့်မြောက်အောင်လည်း ကြိုးစားသွားမှာ ဖြစ်ပါတယ်။ သူငယ်ချင်းတွေအားလုံးလည်း အခွင့်အရေးရှိတုန်း စာမေးပွဲပြန်လည်ဖြေဆိုပြီး အကောင်းဆုံးကြိုးစားကြစေလိုပါတယ်"ဟု ပြောသည်။

ကျောင်းသားမိဘ တစ်ဦးကလည်း "ကျွန်မ သားလေးကို တက္ကသိုလ်ဝင် စာမေးပွဲကြီးမှာ အမှတ်ကောင်းကောင်းနဲ့ အောင်မြင်စေဖို့ Camp ကို လာပို့ခြင်း ဖြစ်ပါတယ်။ ဒီလိုမျိုး ကျောင်းသား ကျောင်းသူတွေအတွက် စာမေးပွဲပြန်လည်ဖြေဖို့ စီစဉ်ပေးတဲ့အပြင် ဆရာ ဆရာမတွေနဲ့ အနီးကပ်သင်ကြားပေးဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်မသားလေး ပထမအကြိမ် ဖြေခဲ့တုန်းကလည်း အားရကျေနပ်မှုရှိခဲ့သလို အခု ပြန်လည်ဖြေဆိုရမယ့် စာမေးပွဲမှာလည်း အရင်ထက် ပိုမိုကြိုးစားဖို့ မှာထားပါတယ်။ Camp မှာလည်း ဆရာ ဆရာမတွေက အားလုံး ဂရုတစိုက်ဆောင်ရွက်ပေးတဲ့အတွက်ကလေးတွေလည်း လုံခြုံစွာနဲ့ သင်ခန်းစာတွေ လေ့လာနေကြပါပြီ။ နေထိုင်စားသောက်ရေးကိုလည်း အပြည့်အဝ ဆောင်ရွက်ပေးတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ စာမေးပွဲ ပြန်လည် ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့လည်း စိတ်ဓာတ်မကျဘဲ အခွင့်အရေးရတယ်လို့မှတ်ယူပြီး ကြိုးစားကြပါ။ အောင်မြင်မှုက နောက်က လိုက်လာပါလိမ့်မယ်" ဟု ပြောသည်။



ဒေါ်ချောစုအောင်



မနီနီမြတ်မှူး



ကျောင်းသားမိဘ တစ်ဦး

### လေ့လာသင်ကြားနိုင်

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည် ဖြေဆိုကြရမည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်၍ Revision Class ပုံစံဖြင့် အနီးကပ် သင်ကြားပေးလျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်သည့် ကျောင်းသား ကျောင်းသူများအတွက်လည်း အွန်လိုင်းမှ သင်ခန်းစာများကို လေ့လာနိုင်ရန် စီစဉ်ထားကြောင်း၊ ထို့ပြင် Education Channel များ၊ ပုဂ္ဂလိကကျောင်းများ၏ Youtube Channel၊ Telegram များတွင် ဖြန့်ဝေထားသည့် ပညာဒါနအတန်းများတွင်လည်း လေ့လာသင်ကြားနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁


ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေ့လှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေ့လှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၄-၅-၂၀၂၅ ရက်နေ့အတွက် မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါ်နုမြဖုံတို့သည် ယနေ့နံနက်ပိုင်းတွင် သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ အား ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့်အတူ သီတဂူဆရာတော်ကြီး၏ စံကျောင်းတော်သို့ရောက်ရှိပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ ကျိုက်လတ်ချောင်ရှိ ဂူဘုရား၊ ဥမင်သုံးဆယ်စေတီ၊ ရှင်ပင်နံ့ကိုင်းစေတီ၊ လေးကျွန်းမာန်အောင်ဘုရားကြီးနှင့် ဆွမ်းဦးပုညရှင် စေတီတော်၏ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက်တိလောကဂုရုလိုဏ်ဂူသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပုံ့ကျပျက်စီးခဲ့သည့် အစိတ်အပိုင်းအား အမြန်ဆုံးပြုပြင်သွားရန်နှင့် နံရံပန်းချီများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဌာနမှကျွမ်းကျင်ဝန်ထမ်းများစေလွှတ်၍ မိုးမကျမီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ပြတိုက်အဆောက်အအုံများနှင့် ပြတိုက်ပစ္စည်းသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ပျောက်ဆုံးမှု၊ ပျက်စီးမှုစာရင်းပြုစုထားရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် မရှိခဏစေတီ (ခေါ်)မဟာယဂ်ဏ စေတီ၊ စေတီလှဘုရား၊ ရာဇမဏိ စူဠာစေတီတော် မြတ်ကြီး၊ ဆင်များရှင်စေတီ၊ ထူပါရုံစေတီနှင့် မဟာစေတီများသို့ သွားရောက်၍ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် အပျက်အစီးများ ရှင်းလင်းနေမှုကို ကြည့်ရှုပြီး ဂေါပကအဖွဲ့များထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်နှင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများနှင့် ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့သ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီကကြီးမှူးကျင်းပသည့် ငလျင်ဒဏ်နှင့် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများနှင့် ငြိမ်းချမ်းရေးအတွက် ဆုတောင်းခြင်းအစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ မက်သဒစ် အင်္ဂလိပ်အသင်းတော် ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

ဆုတောင်းခြင်းအစီအစဉ်သို့ မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီအဖွဲ့ခေါင်းဆောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင် ဒေါက်တာမောင်မောင်နိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့



တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ခေါင်းဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် အစီအစဉ်အတိုင်း သမ္မာကျမ်းစာဖတ်ကြားခြင်း၊ ဓမ္မဒေသနာရွတ်ဖတ်ခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းတို့ ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးစကားများ ပြောကြားကြသည်။

ယင်းနောက် မန္တလေးငလျင်ကြောင့် ငလျင်ဘေးသင့်ပြည်သူများအပါအဝင် ပြည်တွင်း ပြည်ပ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၊ အသင်းတော်အဖွဲ့အစည်း အသီးသီးတွင် ကူညီဆောင်ရွက်ပေးကြသူများ၊ ဆေးအဖွဲ့များ၊ ပြန်လည်ထူထောင်ရေးအတွက် ပါဝင်ကူညီပံ့ပိုးပေးကြသူများ၊ သဘာဝဘေးအခက်အခဲကြုံတွေ့တိုင်း ပေးလှူကူညီခဲ့ကြသည့် အလှူရှင်များ၊ အမိမြန်မာပြည်နှင့် ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာများပို့သကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES-2025) ဖွင့်ပွဲအခမ်းအနား တက်ရောက်

မွမ်ဘိုင်း မေ ၁

"အိန္ဒိယသည် ဆန်းသစ်တီထွင်မှု၏ ဗဟိုချက်ဖြစ်ရမည်" ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES-2025) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ဂျေရိုကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Narendra Modi က တက်ရောက်၍ မိန့်ခွန်းပြောဖွင့်လှစ်ပေးခဲ့ပြီး အိန္ဒိယနိုင်ငံ၏ မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍ၌ တိုးတက်မှု







များအပြင် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ပြသခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံ ၇၅ နိုင်ငံမှ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ အကြီးအကဲများ၊ မူဝါဒချမှတ်သူများ၊ မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍဆိုင်ရာ ဆန်းသစ် တီထွင်သူများနှင့် အိန္ဒိယနိုင်ငံမှ နာမည်ကြီးအနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေးညီလာခံ (WAVES-2025) ကို မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍဆိုင်ရာ ဆန်းသစ်တီထွင်မှုများ ပေါင်းစည်းနိုင်ရေးအတွက် ပထမဆုံး ကျင်းပခြင်းဖြစ်ပြီး မွမ်ဘိုင်းမြို့ရှိ ဂျေရိုကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ မေ ၁ ရက်မှ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါညီလာခံသည် မီဒီယာနှင့် ဖျော်ဖြေရေးကဏ္ဍတို့၏ အခွင့်အလမ်းများကို ရှာဖွေရန်၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်နှင့် မီဒီယာနှင့် ဖျော်ဖြေရေးလုပ်ငန်းများ၏ အနာဂတ်ကို ပုံဖော်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် ဖျော်ဖြေရေးလုပ်ငန်းနယ်ပယ်ကဏ္ဍအားလုံးမှ သက်ဆိုင်သူများနှင့် ချိတ်ဆက်ပေါင်းစည်းမှုမှတစ်ဆင့် ဆန်းသစ်တီထွင်မှုနှင့် တိုးတက်မှုတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခိုင်မာသောမိတ်ဖက်များအဖြစ် သတ်မှတ်၍ နယ်ပယ်သစ်များကို ဖွင့်လှစ်ပေးနိုင်ရန်၊ နိုင်ငံနယ်နိမိတ်များကို ကျော်လွန်လာသည့် ယဉ်ကျေးမှုဖလှယ်မှုများအပေါ် အပြန်အလှန်နားလည်မှုများကို ပြုစုပျိုးထောင်ရန်နှင့် ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန် စသည့်မဟာဗျူဟာများကို ရှာဖွေသွားရန်၊ အစွမ်းထက်သော ကွန်မြူနတီရေဒီယို အစီအစဉ် ပလက်ဖောင်းမှတစ်ဆင့် ခေတ်ရေစီးကြောင်းများနှင့် မူဝါဒများအပေါ် အာရုံစိုက်၍ ဒေသခံပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှု အားကောင်းလာစေရန် ရည်ရွယ် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော်  မေ ၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်း၊ တံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ (ခုတင်၂၀၀)ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံတွင် အမှတ်(၆)အထူးဆောက်လုပ်ရေးအဖွဲ့(အဆောက်အဦဌာန)မှ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံများအား ပြန်လည်မွမ်းမံဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီနှင့် မဟာစေတီလှစေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိမြို့မစည်ပင်သာယာဈေးအတွင်းဈေးသည်များ စိတ်အေးချမ်းသာစွာနှင့် စည်ကားသိုက်မြိုက်စွာ ဈေးရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး၊ ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသောအဆောက်အအုံများ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံ၊ အရံစေတီများနှင့် ကျောင်းဆောင်အဆောက်အအုံတို့အား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တကောသလ္လအား သွားရောက်ဖူးမြော်၍ ဩဝါဒခံယူကာ သံဃာတော်များ အေးချမ်းစွာ သီတင်းသုံးနေထိုင်တော်မူနိုင်ရန်နှင့် ဆွမ်းကိစ္စအခက်အခဲမရှိအဆင်ပြေစေရန်အတွက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဓမ္မဒူတဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဆေကိန္ဒနှင့်အတူ ကျောင်းတိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အလယ်တိုက်ကျောင်းတော်ကြီး၊ သိမ်၊ ဆွမ်းစားကျောင်းဆောင်နှင့် စာသင်သားကျောင်းဆောင်နေရာများသို့သွားရောက်ကြည့်ရှုပြီး အပျက်အစီးများ အမြန်ဆုံး ဖယ်ရှင်းလင်းနိုင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် မန္တလေးမြို့ ၃၅ လမ်းတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား ဦးစားပေး၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ Modular House တည်ဆောက်ခြင်းနှင့် ယာယီရုံးခန်းဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၁၀ သို့



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်ခရိုင် ကူမဲမြို့ အမှတ်(၁)ရပ်ကွက် ရွှေဘုံသာဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လျောင်းတော်မူရုပ်ပွားတော်နှင့် ဘုရားစေတီများအား စက်ယန္တရားဖြင့် ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများအား စုပေါင်းရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Kim Min Jae သင်တန်းပြီးဆုံးမှုကို Dr. Romantic အဖွဲ့သားများ ကြိုဆိုပွဲ ပြုလုပ်ပေး



အနုပညာရှင် ကင်မင်ဂျေး သင်တန်းပြီးဆုံးခဲ့သဖြင့် အတူ ရိုက်ကူးခဲ့ကြသည့် Dr. Romantic အနုပညာရှင်များက ဂုဏ်ပြုညစာစားပွဲဖြင့် ကြိုဆိုပွဲပြုလုပ်ပေးခဲ့ကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား အောင်မြင်မှုမှာ အပိုင်း(၃)ပိုင်းအထိ ထွက်ရှိထားပြီး ကင်မင်ဂျေး ပြန်ရောက်လာပြီဖြစ်၍ အပိုင်း(၄) ရိုက်ကူးရန် ပရိသတ်မျှော်လင့်နေကြသည်။

အဓိကမင်းသား အန်ပဟိုဆွတ်မှာ ရိုက်ကူးရေးနှင့် ပရိသတ်တွေ့ဆုံပွဲရှိ၍ ယင်းပွဲသို့ မတက်ရောက်နိုင်ခဲ့သော်လည်း ပရိသတ်များက လူစုံတက်စုံနှင့် အပိုင်း(၄) ထွက်ရှိလာရန် ဆန္ဒရှိနေကြသည်။

(SKY)



## အိပ်ရာထဲတွင် ဖန်သားပြင်သုံးစွဲပါက အိပ်စက်ခြင်းကို ထိခိုက်စေနိုင်မည်

အိပ်ရာထဲတွင် ဖန်သားပြင်သုံးစွဲခြင်းသည် သင် ထင်သည်ထက် ပိုမို၍ အိပ်စက်ခြင်းကို ထိခိုက်စေနိုင်သည်။

နော်ဝေနိုင်ငံရှိ လူငယ်ပေါင်း ၄၅၂၀၂ ဦးတို့အား မကြာသေးမီက ပြုလုပ်ခဲ့သော ကျယ်ပြန့်သည့် စစ်တမ်းတစ်ခုအရ အိပ်ရာဝင်ပြီးနောက် ဖန်သားပြင်ကို တစ်နာရီသာ အသုံးပြုခြင်းသည် အိပ်မပျော်ခြင်း ဖြစ်နိုင်ခြေ ၅၉ ရာခိုင်နှုန်း တိုးလာစေပြီး တစ်ညလျှင် ပျမ်းမျှအိပ်ချိန် ၂၄ မိနစ် ဆုံးရှုံးစေကြောင်း တွေ့ရှိခဲ့သည်။

စိတ်ဝင်စားစရာကောင်းသည်မှာ လူများသည် ဖန်သားပြင်ပေါ်တွင် မည်သည့်အရာကို လုပ်ဆောင်နေသည်ဆိုသည့်အချက်သည် အရေးမကြီးဘဲ လူမှုမီဒီယာကို ရွှေ့လျားကြည့်ရှုနေခြင်း၊ ဗီဒီယိုများကြည့်နေခြင်း(သို့မဟုတ်)စာဖတ်နေခြင်းဖြစ်စေ ကွာခြားမှုမရှိကြောင်း တွေ့ရှိခဲ့သည်။

ဦးဆောင်သုတေသီ နော်ဝေအမျိုးသား ပြည်သူ့ကျန်းမာရေးအင်စတီကျု့မှ ဒေါက်တာဂန်းဟီးလ်ဗျွန်ဆင်၏ အဆိုအရ အဓိကအချက်မှာ လုပ်ဆောင်မှုအမျိုးအစားမဟုတ်ဘဲ အိပ်ရာထဲတွင် ဖန်သားပြင်အသုံးပြုသည့် စုစုပေါင်းအချိန်ဖြစ်ကြောင်း သိရသည်။

(SCI)

## Ariana Grande က ၂၁ ရာစု အအောင်မြင်ဆုံး အမျိုးသမီး အဆိုတော်စာရင်းဝင်ဖြစ်

၂၁ ရာစု၏ အအောင်မြင်ဆုံး အမျိုးသမီးအဆိုတော်များ စာရင်းကို Billboard မှ ထုတ်ပြန်ကြေညာထားရာ Ariana Grande က နံပါတ်(၈)နေရာတွင် စာရင်းဝင်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် ထိပ်ဆုံး ၁၀ ဦးစာရင်း၌ Ariana Grande က အဆိုတော်သက်တမ်း ၁၂ နှစ်နှင့် Active Year အနည်းဆုံးကိုးနှစ် အမျိုးသမီးအဆိုတော်ဖြစ်ကာ နံပါတ်(၈)နေရာ ပိုင်ဆိုင်ထားသည်။

Taylor Swift က အဆိုတော်သက်တမ်း ၁၉ နှစ်၊ Rihanna က ၂၀ နှစ်၊ Beyonce က ၂၂ နှစ်၊ Adele က ၁၈ နှစ်၊ Katy Barry နှင့် Lady GaGa က ၁၇ နှစ်၊ ပလင်က ၂၅ နှစ်၊ Ariana Grande က ၁၂ နှစ်၊ မိုင်လေဆိုင်းရပ်စ်က ၁၉ နှစ်၊ အာလီစီအာကီးက ၂၄ နှစ် အသီးသီးရှိထားကြသည်။

Rihanna မှာ အဆိုတော်သက်တမ်း ၂၀တွင် ဂီတလှုပ်ရှားမှု ၁၁နှစ်ရှိခဲ့ကာ ယင်းစာရင်းကို Billboard 200 Album Chart နှင့် Billboard HOT 100 Song Chart တို့မှ ရရှိထားသည့်စာရင်းအရ စီထားခြင်း ဖြစ်သည်။

(SKY)






## Nadaaniyan ဇာတ်ကား မအောင်မြင်ခဲ့သော်လည်း Evrahim Ali Khan ရေပန်းစားလာ

ဧပြီလထုတ် မဂ္ဂဇင်းကာဗာဖိုတိုတွင် အီဗရာဟင်အလီခန်၏ ပုံများနှင့် ဝေဆာစွာဖော်ပြထားရာ Nadaaniyan ဇာတ်ကားမအောင်မြင်ခဲ့ဘဲ မင်းသား ရေပန်းစားခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှမီလာတဂိုး၏ မြေးဖြစ်ပြီး ဖခင်ခြေရာနင်းခဲ့သည့် အီဗရာဟင်အလီခန်ကို ဇာတ်ကားမကောင်းသော်လည်း အကောင်းဆုံးကြိုးစားခဲ့သည့် သရုပ်ဆောင်အဖြစ် ပရိသတ်ကြား ရေပန်းစားနေခဲ့သည်။

နက်ဖလစ်မှ ထုတ်လွှင့်ပြသခဲ့သည့် Nadaaniyan တွင် အီဗရာဟင်အလီခန်၊ မူရီးကမူးတို့ အဓိကပါဝင်ထားပြီး ဇာတ်ကားအောင်မြင်မှုမရရှိခဲ့သော်လည်း အီဗရာဟင်အလီခန်၏ သရုပ်ဆောင်မှုကို သဘောကျအားပေးသူများရှိသကဲ့သို့ ဝေဖန်သူများလည်း ရှိခဲ့သည်။

ဖခင် ဆပ်အလီခန်၏ ခြေရာကို မီရန်ကြိုးစားဖို့လိုသေးသည်ဟူသော မှတ်ချက်များစွာ ရရှိထားသည်။

(SKY)

0 - 0 - 0 - 0 - 0

## Ren Jialun ရှေးခေတ်ဇာတ်ကားများ ရိုက်ရ၍ ဆံပင်ရိတ်ထား




တရုတ်အနုပညာရှင် ရမ်ဂျီအာလန်သည် ရာဇဝင်ဇာတ်ကား၊ ရှေးခေတ်ဇာတ်ကားများ ရိုက်ကူး၍ ရှေ့ဆံပင်ရိတ်ထားရသဖြင့် ပွဲတက်ချိန်တွင် ဆံပင်တုဖြည့်ခဲ့ရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရမ်ဂျီအာလန်ရိုက်ကူးထားသော နန်းတွင်းဝတ်စုံများနှင့် လိုက်ဖက်သည့် ဆံပင်ပုံစံကို မြင်တွေ့ကြရပြီး ပရိသတ်များက ရှေ့ဆံပင်ကို ပုံစံမျိုးစုံနှင့် မြင်တွေ့ကြရ၍ သူ၏ ရိတ်ထားသော ဆံပင်နေရာတွင် ဆံပင်တုဖြည့်ထားသည်ကို သတိမထားမိခဲ့ကြပေ။

ရှေ့ဆံပင်ရိတ်မထားလျှင် ဇာတ်ကားရိုက်ချိန်တပ်ရသည့် ဆံပင်တုအုပ်သည့်နေရာတွင် ချွေးများနှင့် ကျွတ်ထွက်တတ်၍ ဆံပင်အတုတပ်ရန် ရှေ့ဆံပင်ကို ရိတ်ထားရခြင်းဖြစ်သည်ဟု အင်တာဗျူးတွင် ပြောကြားထားသည်။

(SKY)

0 - 0 - 0 - 0 - 0

## Selena Gomez က Woman of The Year ဆုကို နှစ်ကြိမ်ဆွတ်ခူးထား

ဘီလ်ဘုတ်တွင် ကျင်းပသည့် Latin Women in Music event တွင် စလီနာဂိုးလ်မက်စ်က Woman of The Year ဆုကို နှစ်ကြိမ်မြောက် ရရှိခဲ့ကြောင်း ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်တင်အမျိုးအစား အဆိုတော်များအတွက် သီးသန့်ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားဖြစ်ပြီး စလီနာဂိုးလ်မက်စ်က မက်ဆီကန်သွေးနှောသည့် Latin American တစ်ယောက်ဖြစ်၍ ၂၀၂၁ခုနှစ်တွင် စပိန်ဘာသာစကားဖြင့် Revelauion ထုတ်ခဲ့ဖူးသည်။

ယခုထွက်ရှိထားသည့် I Said I Love You First အယ်လ်ဘမ်တွင် Ojos Tristes သီချင်းမှာ လက်တင်အငွေ့အသက်များ ပါဝင်ခဲ့၍ Woman of The Year ဂုဏ်ပြုဆုရရှိခဲ့ကာ ၂၀၁၇ ခုနှစ်တွင် ပထမအကြိမ်ရရှိထားသည့်အတွက် ဒုတိယအကြိမ်မြောက် ဆုရရှိခဲ့ခြင်း ဖြစ်သည်။(SKY)



## SZA က Taylor Swift နှင့် သီချင်းအတူရေးရန် ပြောကြား

ကမ္ဘာကျော်ဂီတအနုပညာရှင် အက်စ်ဇက်အေက တေလာဆွစ်နှင့်အတူ သီချင်းရေးရန် ပြောကြားထားကြောင်း The Jennifer Hudson Show တွင် ပြောကြားထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အက်စ်ဇက်အေက တေလာဆွစ်နှင့်အတူ သီချင်းရေးပြီး တစ်ခုခုကို ဖန်တီးချင်ကြောင်း ပြောခဲ့ရာမှ လက်ခံလိုက်ကြောင်း၊ သူက တေလာဆွစ်၏ Storytelling များကို သဘောကျသောကြောင့်ဟု အဆိုပါရှိုးပွဲတွင် ပြောကြားထားသည်။

ကမ္ဘာကျော်နှစ်ဦး အတူ ပူးပေါင်းဖန်တီးမည့် ဂီတသစ်ကို ပရိသတ်များ ရင်ခုန်စွာစောင့်မျှော်နေကြကာ အက်စ်ဇက်အေနှင့် တေလာဆွစ်တို့ ပူးပေါင်းမှုကို အားပေးထားကြသည်။

(SKY)





# အသက် ၇၅ နှစ်အရွယ် အတိုင်ပင်ခံဆီးနိတ်အမတ်ဟောင်း ဒေးဗစ်ပါဒူးအား ၁၄ ဦးမြောက် တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် အတည်ပြု



**ဝါရှင်တန် မေ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ မိတ်ဆွေဟောင်းဖြစ်သူ ဂျော်ဂျီယာပြည်နယ်မှ အသက် ၇၅ နှစ်အရွယ် အတိုင်ပင်ခံဆီးနိတ်အမတ်ဟောင်း ဒေးဗစ်ပါဒူးအား အမေရိကန်ဆီးနိတ်လွှတ်တော်က ၁၄ ဦးမြောက် တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် ယမန်နေ့က အတည်ပြုလိုက်သည်ဟု စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၄င်းသည် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးတွင် အရေးကြီးသော ကာလတစ်ခုတွင် တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ဖြစ်လာခြင်းဖြစ်ပြီး အထူးသဖြင့် စီးပွားရေးနယ်ပယ်တွင် အရေးကြီးသောတာဝန်ကို ထမ်းဆောင်ရမည်ဟု ဆိုသည်။

ပါဒူးသည် ဂျော်ဂျီယာပြည်နယ်မှ ရီပတ်ဘလီကန်ပါတီဝင်တစ်ဦးဖြစ်ပြီး အများအားဖြင့် ပါတီအခြေပြု ထောက်ခံမှုရရှိကာ အရွေးခံခဲ့ရခြင်း ဖြစ်သည်။

ရီပတ်ဘလီကန်ပါတီဝင် ၅၁ ဦး၊ ဒီမိုကရက်ပါတီဝင် ၁၅ ဦးနှင့် တစ်သီးပုဂ္ဂလ တစ်ဦးတို့က ၄င်းကို ထောက်ခံမဲပေးကာ ဒီမိုကရက် ၂၈ ဦးနှင့် အခြား တစ်သီးပုဂ္ဂလ တစ်ဦးတို့က ဆန့်ကျင်မဲပေးခဲ့သည်။

ထရမ့်၏ မိတ်ဖက်ဖြစ်သူတစ်ဦးအဖြစ် ပါဒူး၏ အတည်ပြုခြင်းသည် အမေရိကန်နှင့် တရုတ်နိုင်ငံ ဆက်ဆံရေးတွင် စီးပွားရေးဆိုင်ရာ စစ်ဆင်ရေးများ တိုးတက်လာသော အချိန်တွင် ဖြစ်ပေါ်လာပြီး ထရမ့်၏ ဒုတိယအကြိမ် အစိုးရတာဝန် ရက် ၁၀၀ ပြည့်နှင့် တစ်ပြိုင်နက်ဖြစ်ပေါ်ခဲ့သည်။

ပါဒူး၏ အတည်ပြုခြင်းသည် အဆင့်မြင့်ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ရန် အခွင့်အလမ်းတစ်ခုဖြစ်နိုင်သည်။

တရုတ်နိုင်ငံက တရုတ်ကုန်ပစ္စည်းအပေါ် အခွန်နှုန်းများနှင့် ပတ်သက်၍ အမေရိကန်က စကားဝိုင်းများ ပြုလုပ်နေသည်ဟု သတင်းများ ရှိနေသော်လည်း၊ အခွန်နှုန်းများအပေါ် ဆွေးနွေးမှုသို့မဟုတ် ညှိနှိုင်းမှု မရှိကြောင်း ထပ်မံထုတ်ပြန်ကြေညာခဲ့သည်။

နောက်ဆုံးသတင်းများအရ တရုတ်နိုင်ငံက အမေရိကန်ကို ခြိမ်းခြောက်မှုများနှင့် ဖိအားပေးမှုများကို ရပ်စဲရန် တိုက်တွန်းကာ တန်းတူညီမျှမှု၊ လေးစားမှုနှင့် အပြန်အလှန်အကျိုးရှိမှုအပေါ် အခြေခံ၍ ဆွေးနွေးရန် တိုက်တွန်းနေကြောင်း သိရသည်။ **Mon**



# မြောက်ကိုရီးယားနှင့် ရုရှား ပထမဆုံးတံတားတည်ဆောက်မှု ဖွင့်ပွဲ ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင် တက်ရောက်ချီးမြှင့်

**မော်စကို မေ ၁**

မြောက်ကိုရီးယားနှင့်ရုရှား နှစ်နိုင်ငံတို့အကြား ပထမဆုံး တံတားတည်ဆောက်မှု ဖွင့်ပွဲကို ယမန်နေ့က ကျင်းပရာ ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုတံတားကို မြောက်ကိုရီးယား အရှေ့ပိုင်းရှိ တူမင်မြစ်ကို ဖြတ်သန်း တည်ဆောက်နေပြီး ရုရှားနှင့်မြောက်ကိုရီးယားကို ချိတ်ဆက်ထားသော ဆိုဗီယက်ခေတ်က မိတ်ဆွေတံတားအနီးတွင် တည်ရှိသည်။

၂၀၂၆ ခုနှစ် အလယ်ပိုင်းတွင် ပြီးစီးမည်ဟုဆိုသော အဆိုပါတံတားတည်ဆောက်မှုသည် နှစ်နိုင်ငံကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းလာခြင်း၏ နောက်ဆုံးသက်သေဖြစ်ကြောင်း သိရသည်။

**Mon**



မြေရှားသတ္တုတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ်ကို အမေရိကန်နှင့် ယူကရိန်းကိုယ်စားလှယ်နှစ်ဦး ကီယက်ဗ်မြို့တော်၌ ဧပြီ ၃၀ ရက်က လက်မှတ်ရေးထိုးချုပ်ဆိုနေကြစဉ်။ **Mon**




# မရေရာမှုများနှင့် ရင်ဆိုင်နေရသော စီးပွားရေးကို ပံ့ပိုးရန် အတိုးနှုန်းကို ထိုင်းဗဟိုဘဏ်က လေးပုံတစ်ပုံ ဖြတ်တောက်

**ဘန်ကောက် မေ ၁**

အမေရိကန်၏ မြင့်မားသော ကုန်သွယ်မှုအတားအဆီးများကြောင့် မရေရာမှုများနှင့် ရင်ဆိုင်နေရသော စီးပွားရေးကို ပံ့ပိုးရန်အတွက် ယခုလအတွင်း အဓိကဘဏ်အတိုးနှုန်းကို ထိုင်းဗဟိုဘဏ်က လေးပုံတစ်ပုံဖြတ်တောက်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုင်းဗဟိုဘဏ်၏ ငွေကြေးဆိုင်ရာမူဝါဒကော်မတီက တစ်ရက်အတွင်း ပြန်လည်ဝယ်ယူမှုနှုန်းကို ၂၅ ပွိုင့်ခန့် လျှော့ချကာ




၁ ဒသမ ၇၅ ရာခိုင်နှုန်းအထိ သတ်မှတ်ခဲ့ပြီး ယခုနှစ်အတွင်း ဒုတိယအကြိမ်အဖြစ် အတိုးနှုန်းလျှော့ချမှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကို ၂ ဒသမ ၀ ရာခိုင်နှုန်းအထိ အဆိုပါ ထိုင်းဗဟိုဘဏ်က လျှော့ချသတ်မှတ်ခဲ့ပြီး ယခင်က ၂ ဒသမ ၅ ရာခိုင်နှုန်းထက် နည်းပါးသော ခန့်မှန်းချက်ထက် လျော့နည်းသွားသည်။

စီးပွားရေးတိုးတက်မှုအတွက် အန္တရာယ်ရှိသည့် အခြေအနေများရှိနေပြီး အမေရိကန်၏ ကုန်သွယ်မှုအတားအဆီးများကြောင့် နှစ်ဆယ့်တစ်နှစ်၏ ဒုတိယနှစ်ဝက်တွင် ထိခိုက်နိုင်ကြောင်း ထိုင်းဗဟိုဘဏ်က ထုတ်ပြန်ကြေညာသည်။

အကယ်၍ ကုန်သွယ်ရေးစစ်ပွဲ ပိုမိုဆိုးရွားလာပါက ယခုနှစ်အတွက် ထိုင်းစီးပွားရေးတိုးတက်မှုနှုန်းမှာ ၁ ဒသမ ၃ ရာခိုင်နှုန်းသာ ရှိနိုင်ကြောင်း သိရသည်။ **Mon**

# အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ရှိ ဟိုတယ်တစ်ခုတွင် မီးလောင်မှုဖြစ်ပွား၊ လူ ၁၅ ဦး ထက်မနည်း သေဆုံး

**ဒေလီ မေ ၁**

အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ရှိ ဟိုတယ်တစ်ခုတွင် အပြင်းအထန်မီးလောင်မှုဖြစ်ပွားရာ လူအချို့မှာ ပြတင်းပေါက်များမှ တစ်ဆင့် ဟိုတယ်ခေါင်မိုးပေါ်သို့ တက်ရောက်ကာ လွတ်မြောက်ခဲ့ကြသော်လည်း ၁၅ ဦး ထက်မနည်း သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ဧပြီ ၃၀ရက်တွင် အတည်ပြုကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ မီးလောင်မှုသည် ယမန်နေ့ ညနေက စတင်ဖြစ်ပွားခဲ့ပြီးနောက် ဈေးနှုန်းချိုသာသော ဟိုတယ်အတွင်းနှင့် ခေါင်မိုးပေါ်မှ လူအချို့ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ကိုးလ်ကတ္တားရဲတပ်ဖွဲ့မှူး မာနိုဂျ်ဗာမာက ထုတ်ဖော်ပြောကြားသည်။

ဟိုတယ်သည် ခေတ်ငွေ့လွှတ်အခန်းတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့ပြီး လူများစွာ အသက်ရှူလမ်းကြောင်းပိတ်ဆို့ပြီး သေဆုံးခဲ့ဖွယ်ရှိသည်ဟု ဗာမာက ရှင်းလင်းပြောကြားသည်။ ထို့အပြင် မီးလောင်မှုအကြောင်းအရင်းကို စုံစမ်းစစ်ဆေးရန် စုံစမ်းမှုတစ်ရပ် စတင်နေပြီဖြစ်ကြောင်း ၄င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

မီးလောင်မှုအခင်းဖြစ်ပွားစဉ်က ဧည့်သည် ၈၈ ဦး ရှိခဲ့သော ရီတုရာဂ်ျဟိုတယ်သည် ကိုးလ်ကတ္တားမြို့လယ်ရှိ စည်ကားသော စီးပွားရေးဇုန်တွင် တည်ရှိကြောင်း သိရသည်။ **Mon**




# ပြည်တွင်းဖြစ် ဖျက်သင်္ဘောမှ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်း ကြည့်ရှု

**ပြုံယမ်း မေ ၁**

ပြည်တွင်းဖြစ် ဖျက်သင်္ဘောတစ်စီးမှ ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်း ယမန်နေ့က ကြည့်ရှုခဲ့ပြီး နျူကလီးယားတိုက်ခိုက်ရေးစွမ်းရည်များ မြှင့်တင်ပြီး ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်ရန် ၄င်းက ရေတပ်ကို တိုက်တွန်းခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တန် ၅၀၀၀ အလေးချိန်ရှိသော ဖျက်သင်္ဘောတစ်စီးကို မိမိတို့ရေတပ်အတွက် အစွမ်းထက်ဆုံးလက်နက်စနစ်များဖြင့် တပ်ဆင်ထားသည်ဟု မြောက်ကိုရီးယားက ယခင်အပတ်အတွင်း အတည်ပြုကြေညာခဲ့သည်။

အနောက်ဘက်ဆိပ်ကမ်းမြို့နန်ပိုတွင် ယခင်အပတ်နှောင်းပိုင်းက ကျင်းပခဲ့သည့် သင်္ဘောရေချပွဲတွင် ခေါင်းဆောင်ကင်မ်က ထိုသင်္ဘောတည်ဆောက်မှုနှင့် ပတ်သက်၍ မြောက်ကိုရီးယားရေတပ်ကို ချီးကျူးပြောကြားခဲ့သည်။

ယင်းဖျက်သင်္ဘော၏ အသံထက်မြန်သော ဒုံးကျည်များ၊ နျူကလီးယားနည်းဗျူဟာမြောက် ခရီးရှည်ဒုံးကျည်များ၊ လေကြောင်းကာကွယ်ရေးဒုံးကျည်၊ အလိုအလျောက်အမြောက်နှင့် အီလက်ထရွန်းနစ်အနှောင့်အယှက်ပေးသည့် လက်နက်များ၏ စမ်းသပ်ပစ်လွှတ်မှုကို ခေါင်းဆောင် ကင်မ် ကြည့်ရှုခဲ့ကြောင်း မြောက်ကိုရီးယား ဗဟိုသတင်းဌာနက ဖော်ပြသည်။



ထိုဖျက်သင်္ဘောကို လာမည့်နှစ်အစောပိုင်းတွင် တပ်တော်ဝင်စေမည်ဟု သင်္ဘောရေချပွဲတွင် ကင်မ်က ပြောကြားသည်။

နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော ရရှိရေးသည် ရေတပ်အား အားကောင်းစေရန်အတွက် နောက်ထပ်အရေးကြီးသော ခြေလှမ်းဖြစ်မည်ဟု ၄င်းက မှတ်ချက်ချခဲ့ကြောင်း သိရသည်။

**Mon**

# မန္တလေးတိုင်းဒေသကြီးတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကျင်းပ






**မန္တလေး မေ ၁**

မေလ ၁ရက်နေ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း၊ မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံက အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။



ငင်းနောက် တိုင်းဒေသကြီးအလုပ်သမားအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးက အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာသူများအား ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ် မေလ ၁ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားများ ကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၃၈ ခုနှစ် မေလ ၁ရက်မှ စတင်ကျင်းပခဲ့ရာ ယခု (၈၇) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် မရှိမဖြစ် အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## မိုးဦးမိုးရွာသွန်းသဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းစတင်

**ကျောက်ပန်းတောင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဧပြီ ၃၀ ရက် ညနေ ၄ နာရီခန့်မှ စတင်၍ ညနေ ၆ နာရီခန့်အထိ မိုးရွာသွန်းခဲ့ရာ မြေအစိုဓာတ်ကောင်းစွာရရှိသဖြင့် ဧပြီ ၁ ရက် နံနက်အစောပိုင်းမှစတင်၍ အညာဒေသတောင်သူများ စိုက်ပျိုးရေးလုပ်ငန်း စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

မြို့နယ်အတွင်း သင်္ကြန်ကာလအပြီး ပထမဆုံးရွာသွန်းခဲ့သည့် မိုးဦးမိုးမှာ မိုးရေချိန် (၃ ဒသမ ၂၇)လက်မရှိပြီး စိုက်ပျိုးရေးလုပ်ငန်း စတင်ရန်အတွက် မြေဝင်အစိုဓာတ်ကောင်းစွာရရှိသဖြင့် အညာတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းခွင် စတင်ဝင်ရောက်နေကြပြီဖြစ်သည်။ အညာဒေသတွင် အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် နှမ်းနှင့် မြေပဲကို တောင်သူများ အားထားစိုက်ပျိုးလျက်ရှိကြပြီး စိုက်ပျိုးရာသီကာလတွင် မျိုးနှမ်းနှင့် မျိုးမြေပဲကို အချို့တောင်သူများက မိမိတို့ကိုယ်ပိုင်မျိုးဖြင့် စိုက်ပျိုးကြ၍ အချို့တောင်သူများမှာ ကာလပေါက်ဈေးပေး ဝယ်ယူစိုက်ပျိုးကြကြောင်းသိရပြီး နှမ်းမျိုးမှာ တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀၀ ကျော်ခန့်ရှိကြောင်းနှင့် မျိုးမြေပဲဈေးမှာ တစ်တင်းလျှင် ငွေကျပ် ၁၈၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ မိုးဦးမိုးဖြစ်သဖြင့် မြေအစိုဓာတ်ကောင်းချိန် သူ့ထက်ငါ စိုက်ပျိုးကြခြင်းဖြစ်ရာ အလုပ်သမားငှားရမ်းခမှာ တစ်မနက်လျှင် လေးထောင် တစ်နေကုန်လျှင် ခုနစ်ထောင်ပေးရကြောင်းနှင့် ထွန်ရှင်ငှားရမ်းခမှာ တစ်မနက်လျှင် ငါးသောင်းပေးရပြီး ထွန်စက်ဖြင့် ထွန်ယက်သူများမှာ ငှားရမ်းခ တစ်နာရီလျှင် ငါးသောင်းကျပ်ပေးရသည်။



ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ တောင်သူများမှာ နှစ်စဉ် နှမ်းနှင့် မြေပဲသီးနှံကိုသာ အဓိကအားထား စိုက်ပျိုးကြခြင်းဖြစ်ရာ နိုင်ငံတော်အတွက် ပြည်တွင်း စားသုံးဆီဖူလုံရေးကို များစွာအထောက်အကူပြုလျက်ရှိပြီး စိုက်ပျိုးရေးသွင်းအားစု စရိတ်ကြီးမြင့်သော်လည်း မိုးလေဝသကောင်းမွန်မှန်ကန်ပါက သီးနှံအထွက်နှုန်း ကောင်းမွန်၍ ဈေးကောင်းရရှိမည်ဆိုလျှင် အညာတောင်သူများအနေဖြင့် လုပ်ငန်းအဆင်ပြေကြမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၄၅၆)**

## နေပြည်တော် - မန္တလေး - နေပြည်တော်ခရီးစဉ် EV Express ယာဉ်သစ်ကြီးများဖြင့် စတင်ပြေးဆွဲ

**မန္တလေး မေ ၁**

နေပြည်တော်-မန္တလေး-နေပြည်တော်ခရီးစဉ်များကို ဧပြီ နောက်ဆုံးပတ်မှ စတင်ကာ ခရီးသွားပြည်သူများ သက်တောင့်သက်သာဖြင့် စီးနင်းသွားလာနိုင်ရန် ရာဇာမင်းခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ Eco-Friendly ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချပေးစေသော Yanton အမျိုးအစား 2+1EV Express ယာဉ်ကြီးများဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

မန္တလေး-နေပြည်တော် ခရီးစဉ်တွင် မဟာအောင်မြေမြို့နယ်၊ ၃၅ လမ်း၊ ကမ်းနားလမ်းထောင့်၊ ဂေါ်ဝိန် EV Station မှ နံနက် ၇ နာရီတွင် စတင်ထွက်ပြီး ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းမှ ခရီးသည်များတင်ဆောင်၍ နံနက် ၈ နာရီတွင် နေပြည်တော်သို့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအတိုင်း နေပြည်တော် သပြေကုန်း၊ မြို့မဈေး၊ ဘောဂသီရိယာဉ်ရပ်နားစခန်းများသို့ ပို့ဆောင်ပေးသည်။

နေပြည်တော်-မန္တလေး ခရီးစဉ်တွင် ဘောဂသီရိယာဉ်ရပ်နားစခန်းမှ ညနေ ၄ နာရီတွင် ထွက်ခွာပြီး သပြေကုန်းဈေးမှ ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ မြို့မဈေးမှ ညနေ ၅ နာရီတွင် လည်းကောင်း၊ သုခတော်ဝင်အိမ်ရာ EV Station မှ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း ထွက်ခွာ၍ မိုင်(၂၂၀)အမြန်လမ်းမှ မန္တလေးမြို့သို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ (၀၄၅)

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ လစဉ်ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ လစဉ်ဆွေးနွေးပွဲများ ကျင်းပလျက်ရှိရာ ဧပြီ ၂၉ ရက် နံနက် ၁၀နာရီတွင် စိတ္တရမဟီရပ်ကွက် ဆုတောင်းရဘုရားဝင်းအတွင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သက်စုထွန်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သူနာပြုဆရာမကြီး ဒေါ်ခင်သန်းအေးက နေ့စဉ်ဘဝမှာ ဟင်းသီးဟင်းရွက်များကို ပိုမိုစားသင့်ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ရုံးမှ ရဲအုပ် အေးသန်းစိန်က မျိုးဆက်သစ်လူငယ်များ တိုးတက်အောင်မြင်ရန်အတွက် မူးယစ်ဆေးဝါးများ ရှောင်ကြဉ်ကာ အတူတကွ တိုက်ထုတ်သင့်ကြောင်းနှင့် မြို့နယ် ဥပဒေရုံးမှ ဥပဒေအရာရှိ ဦးလှိုင်ထက်ကျော်က နိုင်ငံသားတိုင်း ဥပဒေအသိပညာများ သိရှိစေရန် အကြောင်းအရာများကို တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

၀-၀-၀-၀-၀-၀

၀-၀-၀-၀

☆ စာမျက်နှာ ၆ မှ

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဣန္ဒာသယပရိယတ္တိစာသင်တိုက်၊ အမရပူရမြို့နယ်ရှိ လိုရာဆုယူ ဘုရားသုံးဆူမြတ်စွာဘုရား၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ လောကမဏိစူဠာဘုရား၊ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး) နေရာများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်များကို လည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်းအနီးရှိ ငလျင်ဒဏ်သင့် ပြည်သူများ ယာယီတည်းခိုရေးစခန်းသို့ သွားရောက်ကြည့်ရှု၍ ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် ကူမဲမြို့ အမှတ်(၁)ရပ်ကွက် ရွှေဘုံသာဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လျောင်းတော်မူရုပ်ပွားတော်နှင့် ဘုရားစေတီများအား စက်ယန္တရားဖြင့်ရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များဖြင့် တွေ့ဆုံ၍ အလှူရှင်တစ်ဦးက မတည်ပေးသည့် ငွေကျပ်သိန်း ၅၀၀ အား ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံရာတွင် အသုံးပြုမည့် အစီအမံများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ စကြီးရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အဆောက်အအုံ ရှစ်လုံးအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၄၈၉၂ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ ၄၆၁၇ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၇၅ လုံးမှ အဆောက်အအုံ ၂၀၅ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အဆောက်အအုံ အလုံး ၇၀ ဖြစ်သည်။

ဆက်လက်၍ ကျောက်ဆည်မြို့ ဟံမြင့်မိုရ်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း၌ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားခဲ့ကာ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်၍ ငလျင်ဒဏ် 8 Magnitude ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် ဘီလပ်မြေ၊ သံချောင်းများဝယ်ယူနိုင်ရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘီလပ်မြေစက်ရုံများမှလည်း ပြန်လည်လည်ပတ်နိုင်အောင် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မေလဒုတိယပတ်တွင် စတင်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်ကြောင့် လမ်းတံတားပျက်စီးခဲ့မှုနှင့်ပတ်သက်၍ BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော သော်တာဝင်းကုမ္ပဏီမှ တာဝန်ရှိသူများ၏ ပြင်ဆင်ပြီး၊ ပြင်ဆင်ဆဲလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းပိုင်းပျက်စီးမှုများ စစ်ဆေးခဲ့ရာ ပျက်စီးမှု ရှစ်နေရာရှိခဲ့ပြီး ကုမ္ပဏီမှ ငါးနေရာအား အပြီးသတ်ပြင်ဆင်ပေးပြီးဖြစ်ကာ သုံးနေရာမှာ ယာယီပြုပြင်ပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရ၍ ယာယီပြုပြင်ထားသော နေရာများအား အပြီးသတ် တွန်းအားပေးဆောင်ရွက်သွားရန်နှင့် ပျက်စီးသွားသော လမ်းပိုင်းနေရာများသည် ရန်ကုန်-မန္တလေး ကုန်စည်စီးဆင်းမှုတွင် အဓိကအရေးပါသော လမ်းပိုင်းနေရာများဖြစ်သည့်အတွက် ဦးစားပေး ပြင်ဆင်သွားရန်နှင့် အရည်အသွေးပြည့်မီစွာ ပြုပြင်သွားရန်မှာကြားခဲ့ပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် MODULAR HOUSE များတည်ဆောက်ရန် စေတနာရှင်၊ အလှူရှင်များမှ လာရောက်လှူဒါန်းငွေများကို လက်ခံခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Offer2962005” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်နေ လမင်းနောင်အား ည ၇ နာရီ မိနစ်၄၀ တွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဝေါမြို့နယ်နှင့် တပ်ကုန်းမြို့တို့၌ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို သိမ်းဆည်းရမိ





တရားခံများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၁

ဝေါမြို့နယ်နှင့် တပ်ကုန်းမြို့တို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် တပ်ကုန်းမှ မော်လမြိုင်သို့ မိုးဝင်းလှိုင် မောင်းနှင်ပြီး ကျော်ခိုင်ဦး လိုက်ပါလာသည့် TOYOTA LEXUS ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် သူရမျိုးမျိုး(ခ)မျိုးမျိုးအား တပ်ကုန်းမြို့ မြဝတီရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆေးခြောက် ၂ ဒသမ ၃ ကီလို၊ CADILLAC ESCALADE မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် ဆေးခြောက် ၂ ဒသမ ၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မွန်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်အား အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA)မှ ငလျင်သဘာဝဘေးလေ့လာဆန်းစစ်မှုအတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်အဖွဲ့ တွေ့ဆုံ၊ ငလျင်ဒဏ်သင့်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို IAEA မှ ပညာရှင်များက တိုင်းတာစစ်ဆေးမှု လေ့လာကြည့်ရှု

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့အား ယနေ့ နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA)မှ ကျွမ်းကျင်ပညာရှင် ၄ ဦး နှင့် ပြည်တွင်းမှ ပညာရှင်များ ပါဝင်သော အဖွဲ့က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး အင်အားပြင်းငလျင်ဒဏ်ခံခဲ့ရသော အဆောက်အအုံများ၏ ကြံ့ခိုင်မှုတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA)မှ ကျွမ်းကျင်ပညာရှင် ၄ ဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပညာရှင်များနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပညာရှင်များပါဝင်သော ပြည်တွင်းပညာရှင်များအဖွဲ့တို့သည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုသိမ်ကြီးမြို့နယ်ရှိ နည်းပညာတက္ကသိုလ် (မန္တလေး)သို့ သွားရောက်၍ နည်းပညာတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာစုယဉ်ဝင်း၊ အင်ဂျင်နီယာဌာနမှူးများနှင့်တွေ့ဆုံကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်နေမှုများ၊ ပြုပြင်မှုများဆောင်ရွက်ရာတွင် ရေရှည်ကြံ့ခိုင်မှုရှိစေရန် ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရေးတို့ကို ပြောကြားပြီးနောက် (IAEA)မှ ပညာရှင်များဖြစ်သည့် Mexico (၂၀၁၇)၊ Albinia (၂၀၁၉)၊ Ecuador(၂၀၂၃)၊ Syria(၂၀၂၄) ငလျင်ဘေးများတွင် တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက အတွေ့အကြုံများ၊ Non-Destructive Testing (NDT) မူရင်းမပျက် တိုင်းတာစစ်ဆေးမှု နည်းပညာအသုံးပြု၍ ခေတ်မီတိုင်းတာရေး စက်ပစ္စည်းများဖြစ်သည့် Rebar Detecton Rebound Hammer, Ground Penetrating Radar (GPR), Ultrasonic Pulse Velocity(UPV), Infrared Cameraများ၏ အသုံးပြုနည်းများကို မျှဝေဆွေးနွေးခဲ့ပြီး သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နည်းပညာတက္ကသိုလ်(မန္တလေး)ရှိ အဆောက်အအုံများကို စက်ပစ္စည်းများဖြင့် အသေးစိတ်တိုင်းတာလေ့လာဆန်းစစ်ခဲ့ကြကြောင်းနှင့် မဟာမုနိဘုရားကြီးသို့သွားရောက်၍ ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများကိုလည်း စက်ပစ္စည်းများဖြင့် အသေးစိတ်တိုင်းတာလေ့လာ ဆန်းစစ်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**













သတင်း-စာမျက်နှာ ၁၂


















သတင်း-စာမျက်နှာ ၁၂





## မကွေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပ

**မကွေး မေ ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ ကွန်ပျူတာကျွမ်းကျင်မှုမရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား ကွန်ပျူတာကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက်နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက က အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းသား၊ သင်တန်းသူများအနေဖြင့်ကွန်ပျူတာပညာရပ်များကို လုပ်ငန်းခွင်မှာ လက်တွေ့အသုံးချနိုင်တဲ့အထိ ကြိုးစားသင်ယူကြစေလိုကြောင်း၊ ကွန်ပျူတာပညာရပ်တွေကို တတ်မြောက်ထားခြင်းဖြင့် သင်ယူစရာ၊ အတုယူစရာ၊ လေ့လာစရာများ အလွယ်တကူရှာဖွေသင်ယူတတ်မြောက်ဖို့ အခွင့်လမ်းကောင်းများဖြစ်ကြောင်း၊ နယ်ပယ်များစွာရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ အထောက်အကူဖြစ်စေပြီး အလုပ်အများစုကို စွမ်းဆောင်ရည်တိုးမြင့်စွာ ပြီးမြောက်နိုင်ကြောင်းနှင့် အခြေခံကွန်ပျူတာသင်တန်းကို တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်ကြားပို့ချသည့် ကွန်ပျူတာပညာရပ်တွေကို ကြိုးကြိုးစားစားသင်ကြားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမျိုးမင်းသန်းက သင်တန်းတွင် ပို့ချမည့်အစီအစဉ်များအား ရှင်းလင်းတင်ပြပြီး သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများအား မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကက ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းကို ၄ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၆၃ဦးခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## တွံတီးကျေးရွာနှင့် နမ့်ဆွယ်ကျေးရွာတို့တွင် လေပြင်းတိုက်ခတ်၍ နေအိမ်များအမိုးလန်ပျက်စီး

**နမ့်စန် မေ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ယမန်နေ့ ညနေပိုင်းက မိုးရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သဖြင့် နမ့်လစ်ကျေးရွာအုပ်စု၊ တွံတီးကျေးရွာ နှင့် မက်မွန်မုန်းကျေးရွာအုပ်စု၊ နမ့်ဆွယ်ကျေးရွာတို့တွင် လူနေအိမ်များ အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် တွံတီးကျေးရွာရှိ လူနေအိမ် ၂၃လုံး၊ နမ့်ဆွယ်ကျေးရွာရှိ လူနေအိမ် ခုနစ်လုံးနှင့်ဘုန်းကြီးကျောင်း မီးဖိုဆောင် တစ်လုံး၊ စုစုပေါင်းအဆောက်အအုံ ၃၁လုံး အမိုးလန်၍ ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာနေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ က ယမန်နေ့ ညနေပိုင်းနှင့် ယနေ့နံနက်ပိုင်းတို့တွင် သွားရောက်၍ ကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ အပျက်အစီးများရှင်းလင်းခြင်းနှင့်လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**မန္တလေး မေ ၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနရုံးတွင် မြင်းခြံမြို့ရှိဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းမြှင့်တင်ရောင်းချမှု မရှိစေရေး၊ ဖြစ်သင့်ဖြစ်ထိုက်သောဈေးနှုန်းများဖြင့်သာ ရောင်းချစေရေး တွေ့ဆုံဆွေးနွေးခဲ့သည်။

မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနတာဝန်ခံများနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအဖွဲ့များ၊ မိတ်ဖက်ဌာနများ ပူးပေါင်း၍ ဧပြီ ၂၈ရက် မွန်းလွဲပိုင်းတွင် မြင်းခြံမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များသို့ ကွင်းဆင်း၍ ဈေးကွက်အခြေအနေနှင့် သင့်တင့်သည့်ဈေးဖြင့် ရောင်းချရေးကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**



## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**မင်းဘူး မေ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀နာရီက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်က အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးမီထွန်းက မင်းဘူးမြို့နယ်၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှုအခြေအနေများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများထံ တာဝန်ပေးအပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၅၀၄)**



## ရှင်သာမဏေများအတွက် ပရိယတ္တိနွေရာသီသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**လင်းခေး မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့တွင် ရှမ်းပြည်နယ်လုံးဆိုင်ရာ ၂၀၂၅ ပညာသင်နှစ် ရှင်သာမဏေများအတွက် ပရိယတ္တိနွေရာသီ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၇ နာရီက လင်းခေးမြို့၊ မဟာဝိဟာရ ပရိယတ္တိစာသင်တိုက်ကျောင်းကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနား တက်ရောက်လာသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြသည်။ ဆက်လက်၍ ပရိသတ်အပေါင်းက မြို့နယ်သံဃနာယကအဖွဲ့ဝင် အောင်မင်္ဂလာတပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဝိမလာဘိပါလထံမှ သြဝါဒခံယူကြသည်။

ဆက်လက်၍ လင်းခေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်း၊ သင်ကြားရေးအဖွဲ့မှ ဆရာဦးပေါ်လာက နည်းပြဆရာ၊ ဆရာမများကိုယ်စား အတွေ့အကြုံနှင့် ဝမ်းမြောက်ပီတိစကားပြောကြားခြင်းနှင့် နိုင်ငံတော်ရွှေတံဆိပ်ဆုရှင် ဦးပြည့်ဖြိုးအောင်က ဓမ္မတေးဖြင့် သီဆိုဖျော်ဖြေပေးခြင်း ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်း ရှင်သာမဏေများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအတွက် ကူညီပေးခဲ့ကြသည့် စေတနာအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြသည်။ ထို့နောက် ရှင်သာမဏေများ၏ ကိုယ်စား ရှင်ဩဇေယျ(လဲချားမြို့)၊ ရှင်ကောဝိတ(လဲချားမြို့)နှင့် ရှင်မုနိဝရ(တောင်ကြီးမြို့)တို့က (ရှမ်း၊ မြန်မာ၊ အင်္ဂလိပ်ဘာသာ)များဖြင့် ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်အပေါင်းက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။




အဆိုပါ သင်တန်းကာလမှာ ၄၅ ရက်ကြာမြင့်ခဲ့ပြီး သင်တန်းသို့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ ရှင်သာမဏေ ၅၃ ပါး တက်ရောက်ခဲ့ကြကြောင်း သင်တန်းတာဝန်ရှိသူများထံမှ သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## သမဝါယမဦးစီးဌာနမှ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းတက်ရောက်ရန် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**တောင်တွင်းကြီး မေ ၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် သမဝါယမဦးစီးဌာနမှ သမဝါယမစာရင်းရေး၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ်သင်တန်းသို့ စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၂၈ ရက်က တောင်တွင်းကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသိပညာပေးဆွေးနွေးပွဲတွင် တောင်တွင်းကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး စာရင်းစစ်၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)မှ မော်ကွန်းထိန်း ဒေါ်မြင့်သိင်္ဂီက သင်တန်းနှင့်ပတ်သက်၍ ဝင်ခွင့်အရည်အချင်းများ၊ သင်တန်းကာလနှင့် သင်တန်းသားဦးရေ၊ ပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများ၊ သင်ကြားမည့် ဘာသာရပ်များအကြောင်း၊ နေထိုင်စားသောက်ရေး အခမဲ့ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ သင်တန်းတက်ရောက်နေစဉ်အတွင်း သင်တန်းများမှရရှိမည့် အကျိုးကျေးဇူးများ၊ သင်တန်းတက်ရောက်ပြီးပါက အလုပ်အကိုင်အခွင့်အလမ်းဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ထူးချွန်သင်တန်းသားများအား သမဝါယမကောလိပ်သို့ ပေါင်းကူးတက်ရောက်နိုင်မည့် အခြေအနေများအကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားကာ တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင်(မိဿနီးမြေ)**




## တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများတွေ့ဆုံ

**ဥတ္တရသီရိ မေ ၁**

ဥတ္တရသီရိမြို့နယ်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ်၊ တက်ရှိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ အဖွဲ့ဝင်(၂)ဦးမျိုးချစ်၊ မြို့နယ်ပညာရေးမှူးဒေါ်အုန်းဆန်းနှင့် ပညာရေးဝန်ထမ်းများသည် တက်ရှိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်တွေ့ဆုံရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်၍ ပြန်လည်ဖြေဆိုရမည့် အခြေအနေများကို ပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။



ဥတ္တရသီရိမြို့နယ်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စခန်းသွင်းလေ့ကျင့် သင်ကြားပေးမည့် အခြေခံပညာကျောင်းစုစုပေါင်း ခြောက်ကျောင်းရှိပြီး သင်ခန်းစာပို့ချမှုအနေဖြင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအပြင် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များမှ ဆရာ၊ ဆရာမများကလည်း လာရောက်လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ စုံလင် ယုဒနာလေး

## လျှော်ဘေးအလှူ ထောက်ပံ့ကူ

(လေးချိုးတွဲ ပိုဒ်ဆက်ကာရန်)

* ကျရောက်နေ ငလျင်ဘေးကိုလ
ကာကွယ်ပေး အချိန်လေ။
သတိကူ အစဉ်မပြတ်
နေထိုင်အပ်ပေ ။
မေတ္တာအားဖြင့် စောင့်ရှောက်နေ
ထောက်ပံ့ဝေ တစ်တပ်တစ်အား ။
သနားညှာတာ သဒ္ဓါအပျ ပါလို့
ကောင်းမြတ်စေသား ။

* ငလျင်သင့်ဒေသများကိုပ
ကုသိုလ်ပွား ဖွံ့ဖြိုးရာ ။
ပျက်စီးခြင်းမှ ပြုပြင်မှု
ဝန်းရံပြုစွာ ။
ထားအပ်ကြ စေတနာ
ကမ်းလက်ဖြာ ကူညီပေး ။
နိုင်ငံရဲ့ အနာဂတ်မယ်
ကောင်းမြတ်အမှန်လေး ။

* ဆွေမျိုးရင်းချာ စိတ်ဝယ်တွေးလို့
ပြုစုပေး ချမ်းသာအောင် ။
တန်းတူထား အစဉ်မခွဲ
တွဲဆက်ခေါ်ဆောင် ။
တိုင်းပြည်ရဲ့ ခေတ်ရှည်နောင်
လူမျိုးအခေါင် ဝင့်ဝင့်ကြွား ။
မြန်မကြာ တိုးတက်လျှမ်းစေဖို့
စွမ်းဆောင်စိတ်အား ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲကျင်းပ



**မန္တလေး မေ ၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်း ပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များနှင့် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊B.A)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ဦးဝင်းအောင်+ဒေါ်မြင့်မြင့်ခင် မိသားစုက (ဖခင်)ဦးဝင်းစိန်၊ (ဖခင်)ဦးသန့်၊(မိခင်)ဒေါ်ချစ်ချစ်၊ (အဒေါ်)ဒေါ်ခင်စီတို့အား ရည်စူး၍ ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၄၄ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် သိန်း ၂၀၊ စုစုပေါင်း အလှူငွေကျပ် ၆၄ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(PNT)

## မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ အလှူငွေများ လာရောက်လှူဒါန်း

**မန္တလေး မေ ၁**

မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ဘက်စုံ ပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ဧပြီ ၃၀ ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီးဘက်စုံ ပြုပြင်ရန် မုံရွာမြို့နေ ကိုမျိုးမင်းလတ်+မအေးအေးဇင် မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ရန်ကုန်မြို့နေ ဦးကျော်စိန်အား ရည်စူး၍ ဒေါ်မြင့်မြင့်ခင် မိသားစုက ငွေကျပ် သိန်း ၅၀၊ မလေးရှားနိုင်ငံမှ EQUABLE MANGEMENT SERVICE SDN အဖွဲ့မှ ငွေကျပ် သိန်း ၂၀၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးစန်းယုအား ရည်စူး၍ သားသမီးများက ငွေကျပ် ၁၁ သိန်း၊ မန္တလေးမြို့နေ ဦးဇော်မြင့်ဦး+ဒေါ်သိန်းမမ(ဆိုင်ကယ်ပြုပြင်ရောင်းဝယ်ရေး) မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁ နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၀၀၀၀၀၇၅၀ နှင့် ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)



## ရွှေပုထိုး ... (see right)

## မြေငလျင်ဒဏ်သင့် ရှေးဟောင်းသမိုင်းဝင် အောင်သိဒ္ဓိရွှေပုထိုးစေတီတော်မြတ်ကြီးအား စတင်ပြင်ဆင်



**ပင်းတယ မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် တောင်ရွှေပုထိုးဘုန်းတော်ကြီးကျောင်း သာသနာ့နယ်မြေအတွင်းရှိ ရှေးဟောင်း သမိုင်းဝင် အောင်သိဒ္ဓိရွှေပုထိုး စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ရန် စတင်ဆောင်ရွက်မှုလုပ်ငန်းများကို ဧပြီ ၂၉ ရက် နံနက် ၇ နာရီမှ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အောင်သိဒ္ဓိရွှေပုထိုး စေတီတော်မြတ်ကြီးသည် မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်က ဖြစ်ပေါ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်များ ရွဲ့စောင်း၍ ခေါင်းလောင်းတော်ထိပ်ပိုင်း အုတ်တော်မြေများ အက်ကွဲမှုဖြစ်ပေါ်ခဲ့မှုအတွက် မြို့နယ်သံဃနာယကဆရာတော်များ၏ ကြည့်ရှုစစ်ဆေး ခွင့်ပြုပေးမှုဖြင့် ရွှေပုထိုးကျောင်းတိုက် ဆရာတော်၊ သံဃာတော်များ ဦးစီး၍ ပင်းတယမြို့နယ်ရှိ ရပ်ရွာနေ မိဘပြည်သူအပေါင်းတို့ စုပေါင်းလှူဒါန်းသော နဝကမ္မ အလှူတော်ငွေများဖြင့် ဒေသနေဗိသုကာပညာရှင် ပန်းရန်ဆရာများထံ လုပ်ငန်းများအပ်နှံဆောင်ရွက်လျက်ရှိကြောင်းနှင့် နီးစပ်ရာကျေးရွာများမှ တင်ပို့လှူဒါန်းပေးသည့် ငြမ်းခတ်ရန် ဝါးပင်များကို တောင်ရွှေပုထိုး ကျေးရွာနေ မိဘပြည်သူများ၏ လုပ်အားဒါနများဖြင့် စတင်ဆောင်ရွက်လျက်ရှိသည်။

ရှေးဟောင်းသမိုင်းဝင် အောင်သိဒ္ဓိရွှေပုထိုးစေတီတော်မြတ်ကြီးသည် သာသနာတော်သက္ကရာဇ် ၁၀၁ နှစ်လက်ဦးအစ ပဌမ၊ ဘုရားရှင်ဓာတ်တော်များနှင့် ရွှေဆင်းတုသုံးဆူဘော်ဆင်းတု ၁၂ ဆူတို့ကို ဌာပနာ၍ ဉာဏ်တော်အတောင် ၉၀၊ ထီးတော်အဝ ခြောက်တောင် ကိုးလက်မနှင့် ဘုံအဆင့် ကိုးဆင့်ရှိတော်မူပြီး ဆွဲထီးစိန်ဖူးတော်အထိ ၁၈ တောင်ရှိသော စေတီတော်မြတ်ကြီးကို ဒုတ္တဘောင်မင်း၊ သီရိဓမ္မာသောကမင်း၊ အနော်ရထာမင်း၊ အလောင်းစည်သူမင်း အစရှိသော ရှေးမင်းဆက်အလှူရှင်များနှင့် ၁၂၇၄ ခုနှစ် တန်ခူးလ မြေငလျင်ဒဏ်ခံခဲ့ရ၍ ရွှေပုထိုး စေတီတော်ကြီး၏ ထီးတော်ကို မန္တလေးမြို့၊ ဈေးချိုငါးတန်းရပ်နေ ဦးအောင်ခင် (ဇနီး)ဒေါ်လှရင် သား၊သမီးတစ်စုတို့က ပြန်လည်တင်လှူပူဇော်ပေးထားသော ရှေးဟောင်းစေတီတော်မြတ်ကြီးဖြစ်ကြောင်းလည်း အောင်သိဒ္ဓိရွှေပုထိုးဘုရားသမိုင်းစာအုပ်များအရ သိရသည်။

(အပေါ်ပုံ) (၃၃၈)

## (၇၉)နှစ်မြောက် မီးသတ်ဦးစီးဌာန နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**ကျိုင်းတုံ မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့တွင် မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မီးသတ်ဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက အမှတ်(၃) တပ်မတော်စစ်ဆေးရုံ ခုတင်(၃၀၀)တွင် ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ တြိဂံတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးနိုးဝေနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစိုးသူထိုက်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စုပေါင်းသွေးလှူဒါန်းရာတွင် ခရိုင်၊ မြို့နယ်၊ နယ်မြေမီးသတ်စခန်းများမှ တပ်ဖွဲ့ဝင် ၂၇ ဦးတို့က စုပေါင်းသွေးလှူဒါန်းရာ တြိဂံတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး သွေးလှူဒါန်းသူများအား အားဖြည့်အချိုရည်၊ ကြက်ဥ၊ အာဟာရမုန့်များ ပေးဝေ၍ သွေးလှူမှတ်တမ်းဂုဏ်ပြုလွှာ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၇)

**အသက်သည် သွေး၊ သွေးသည် အသက်။**



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့၊ ၃၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀နေ မနှင်းပွင့်ဖြူ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကဆ)**

# ရိုးရာမပျက် နှစ်စဉ်နွှဲ ရွှေကြက်ယက် ကဆုန်ညောင်ရေသွန်းပွဲ

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ ဘာသာရေးဓလေ့ပွဲတော်များတွင် ညောင်ရေသွန်းပွဲလည်းတစ်ခု အပါအဝင်ဖြစ်၏။ ညောင်ရေသွန်းပွဲတော်ကို မြန်မာပြက္ခဒိန်၏ ဒုတိယမြောက်လ ‘ဂိမှန’ ဟု ဆိုအပ်သော နွေဥတု၏ နောက်ဆုံးလဖြစ်သည့် ‘ကဆုန်လ’ တွင် ကျင်းပလေ့ရှိသည်။

**အပူရှိန်လွန်ကဲလေ့ရှိသော လကဆုန်**

ကဆုန်လကို ပုဂံကျောက်စာများတွင် ကုဆုန်၊ ခူဆုန်၊ ခုဆုန် ဟူ၍ ကွဲလွဲချက်ဖြင့် တွေ့ရသော်လည်း ‘ကု’ မှာ ရေကို ဆိုလိုပြီး ‘ဆုန်’ မှာ စုန်ဆင်းခြင်း၊ စီးဆင်းခြင်း၊ သွန်းလောင်းခြင်းကို ဆိုလိုသည်။ ကုဆုန်မှ ကဆုန်သို့ ရွေ့လျားလာခြင်းဖြစ်ပြီး ရေသွန်းလောင်းသောလဟု အဓိပ္ပာယ်ပြဆိုသည်။

လေ့သင်းအတွင်းဝန်မင်းကမူ ကဆုန်ကို ဝိဂြိုဟ်ပြုသောအခါ ‘ဥဒက’ ရေကို ‘ဆနတိ’ ဖြတ်တတ်၏ဟု ဆိုထားသောကြောင့် ယင်းလကို ရေပြတ်သောလ၊ ရေခန်းသောလဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကဆုန်လနှင့် ပတ်သက်၍ ‘တန်ခူးရေကုန်၊ ကဆုန်ရေခန်း’ ဟုဆိုသော စကားရှိခဲ့ရာ ကဆုန်လတွင် အင်းအိုင်ချောင်းမြောင်းများ၊ ရေတွင်း၊ ရေကန်များ ရေခန်းခြောက်လေ့ရှိ၏၊ ‘ကဆုန် ၊ နယုန် ဆွေ့ဆွေ့ခုန်’ ဆိုသောစကားအတိုင်း နွေရာသီပါဝင်သော အလွန်ပူပြင်းသောလလည်းဖြစ်သည်။ ထိုသို့ အပူပြင်းလွန်းသောကြောင့် အပင်ကြီး၊ အပင်ငယ်တို့ ညှိုးခြောက်ခြင်း၊ သေဆုံးခြင်း မဖြစ်စေရန် ရေလောင်းပေးရ၏။

ကဆုန်လပြည့်နေ့သည် ‘ဗုဒ္ဓဘုရား ဖွားမြင်တော်မူခြင်း၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ခြင်း ဖြစ်တော်စဉ်များရှိခဲ့ရာ မြတ်စွာဘုရားမှအမှီပြု၍ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သော ဗုဒ္ဓဂယာမှ ဗောဓိညောင်ပင်၏ မျိုးပွားအပင်များကို မြန်မာတို့ကအထွတ်အမြတ်အဖြစ် စိုက်ပျိုးခဲ့ကြသည်။ ထိုညောင်ပင်များ ဆက်လက်ရှင်သန်စေရန် (အပူဒဏ်ကြောင့် အပင်ထိခိုက်မှုမရှိစေရန်) ထိုဗောဓိညောင်ပင်များကို ရေသွန်းလောင်းလေ့ရှိခဲ့ကြသည်။

**မြန်မာတို့၏ ညောင်ရေသွန်းဓလေ့**

ညောင်ရေသွန်းပွဲတော်သည် မြန်မာမင်းအဆက်ဆက်မှစ၍ ယနေ့ခေတ်တိုင်အောင် ကျင်းပခဲ့သော မြန်မာ့ရိုးရာဘာသာရေးပွဲတော်တစ်ခုလည်း ဖြစ်သည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူခေတ်များကပင် ခေတ်အဆက်ဆက် ဆင်နွှဲခဲ့ကြ၏။ တောင်ငူခေတ်တွင် စာဆိုရှင် နတ်သျှင်နောင်က-

‘စိမ်းဝါမိုးပန်း၊ ထွေထွေစွန်းက၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို၊ မြရည်သတ်မှတ်၊ ရောက်ခဲလတ်ဟု၊ ချစ်ထွတ်တင်သည်’ဟု ချစ်သူနှင့်အတူ ညောင်ရေသွန်းပွဲတော်ကို ဆင်နွှဲလိုကြောင်း ‘ပေါ်နွေလလျှင် ချီရတု’၌ ထည့်သွင်းရေးသားခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ‘လက်ဝဲသုန္ဒရအမတ်ကြီး’ကလည်း ‘ပွဲခါညောင်ရေ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပါသူ၊ တောင်းဆုယူသည်’ ဟု ‘မဲဇာတောင်ခြေ ချီရတု’ တွင် ညောင်ရေသွန်းပွဲအကြောင်းကို ဖွဲ့ဆိုခဲ့သည်။ စာဆိုရှင် ‘မင်းဇေယျရန္တမိတ်’က ‘ကဆုန်လတွင် ပြာစင်ညက်ဖြူ၊ ရွှေပြည်သူတို့၊ သင်းကြူကြိုင်စွာ၊ ရေနံ့သာဝယ်၊ ရင်းမာကွမ်းဘူး၊ စကားဦးနှင့်၊ ကွန့်မြူးလျှံမောင်း၊ မွေတော်ပေါင်းကို၊ ပျံ့လှောင်းကြိုင်ရှန်း၊ အဲ့သီချင်းနှင့်၊ ပြန်တင်းရည်စောင်၊ အဆောင်ဆောင်သည်၊ ခါညောင်မသွန်းလှည့်လေလော့’ ဟူ၍ ညောင်ရေသွန်းပွဲတော်ကျင်းပပုံကို သီကုံးခဲ့သည်။

ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းသည့်ပွဲတော်သည် မြန်မာတို့၏ ဓလေ့ဟန်ပန်မှ ပေါ်ပေါက်လာသော ပွဲတော်တစ်ခုဖြစ်၏။ မဇ္ဈိမဒေသနှင့် သီဟိုဠ်တို့တွင် ဗုဒ္ဓဘုရားပွင့်တော်မူခဲ့သော်လည်း ညောင်ရေသွန်းဓလေ့မှာ မရှိခဲ့ပေ။ မြန်မာနိုင်ငံတွင်သာရှိသော မြန်မာ့ဓလေ့စစ်စစ် ပွဲတော်တစ်ခုဖြစ်သည်။

**ညောင်ရေသွန်းပွဲတော်ကျင်းပပုံ**

ပူပြင်းခြောက်သွေ့သော ကဆုန်လတွင် တောင်သူကြီးများ၏ လုပ်ငန်းခွင်မှာ ပြီးဆုံးချိန်၊ အနားရချိန်ဖြစ်၏၊ ထိုအချိန်အခါတွင် ကျင်းပလေ့ရှိသော ညောင်ရေသွန်းပွဲတော်မှာ ခြိမ့်ခြိမ့်သဲ စည်ကားလေ့ရှိသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ကဆုန်လပြည့်မရောက်မီ တစ်ရက်အလိုနေ့(အဖိတ်နေ့)တွင် ညောင်ရေသွန်းလောင်းကြပြီး လပြည့်နေ့တွင် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပကြ၏။ ထိုနေ့တွင် သက်ကြီးပူဇော်ပွဲများ၊ ငါးလွှတ်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ ထိုသို့ မြန်မာနိုင်ငံအရပ်ရပ်တွင် ကျင်းပသော ညောင်ရေသွန်းပွဲများတွင် အမရပူရမြို့ရှိ ရွှေကြက်ယက်ဘုရားတွင် ကျင်းပသော ညောင်ရေသွန်းပွဲမှာ အလွန်ထင်ရှားလှသည်။



**ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား**

ဂေါတမမြတ်စွာဘုရားသည် ဝါတော်(၂၆)ဝါတွင် ခပ်သိမ်းသော ဝေနေယျတို့အား တရားရေအေးတိုက်ကျွေးရန် မြန်မာနိုင်ငံသို့ ရဟန္တာ ၅၀၀ နှင့်ကြွချီလာခဲ့၏။ ရွှေကြက်ယက်၊ ရွှေကြက်ကျစေတီတည်တော်မူမည့် ‘မန္တာဂီရိ’ တောင်သို့အရောက်တွင် မြတ်စွာဘုရားရှင်ပြုံးတော်မူသည်ကို မြင်သော ညီတော်အာနန္ဒာ၏ မေးလျှောက်ချက်အရ ဘုရားရှင်မိန့်တော်မူသည်မှာ ‘ချစ်သား အာနန္ဒာ ရှေးအခါက ယခုအရပ်တွင် ကြက်မင်းမောင်နှံအဖြစ်ကျက်စားခဲ့၏။ ငါ ပရိနိဗ္ဗာန်ပြုပြီး (၂၁၈)နှစ်ရောက်သော် ‘အာသောက’ မည်သော မင်းက ငါ၏ ဓာတ်တော်မွေတော်များကို ဌာပနာပြီး စေတီနှစ်ဆူ တည်လိမ့်မည်’ ဟု ဖြေကြားတော်မူခဲ့သည်။

ထိုသို့ဖြစ်ပေါ်လာရခြင်းမှာ ဗာရာဏသီမင်းကြီး၏ မိဖုရားခေါင်ကြီးမှ ရွှေရောင်အဆင်းရှိသော ဘုရားလောင်းကြက်မင်း၏ တရားကို နာယူလိုသော ချင်ခြင်းအရ မုဆိုးကျော်များနှင့်ဖမ်းစေခဲ့၏။ ဘုရားလောင်းကြက်မင်းသည် မြန်မာနိုင်ငံအတွင်းသို့ တိမ်းရှောင်ဝင်ရောက်ခဲ့လေသည်။ ဘုရားလောင်း ကြက်မင်းရောက်ရှိရာ နေရာများတွင် အထိမ်းအမှတ်အဖြစ် ဘုရားများကို နောင်းလူတို့ တည်ထားခဲ့ကြ၏။ ဗန်းမော်မြို့နှင့်(၃)မိုင်အကွာ ‘ကြက်တန်းခင်တောင်’တွင် စေတီတစ်ဆူ၊ စစ်ကိုင်းတိုင်းဒေသကြီး ခိုတောင်ချောင်းပေါက်ရွာတွင် ‘ရွှေကြက်အိပ်ဘုရား’၊ ကြက်ထောင့်ရွာတွင် ‘ရွှေကြက်ထောင့်ဘုရား’(နရပတိစည်သူမင်းကောင်းမှု)နှင့် စစ်ကိုင်းမြို့၊ ရေဝန်းအရပ်ရှိ တောင်ကုန်းတွင် ‘တောကြက်တောင်ဘုရား’များကို တည်ထားခဲ့သည်။ ထို့အပြင် ဘုရားလောင်း ကြက်မင်းသည် ဧရာဝတီမြစ်ကို ဖြတ်ကျော်ပျံသန်းခဲ့ပြီး ‘နဂါးရာမ်’တောင်တွင် ကျရောက်ခိုနားခဲ့ရာ ‘ရွှေကြက်ကျ’ ဘုရားနှင့် ‘မန္တာဂီရိတောင်’ တွင် အစာကိုယက်၍ ရှာဖွေခဲ့ရာတွင် ‘ရွှေကြက်ယက်ဘုရား’ ဟူ၍ စေတီနှစ်ဆူကို ‘အာသောကမင်းကြီး’ က တည်ထားခဲ့သည်။

**ရွှေကြက်ယက်ဘုရား ညောင်ရေသွန်းပွဲတော်**

ရွှေကြက်ယက်ဘုရားသည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ရွှေကြက်ယက်တိုက်နယ်တွင် တည်ရှိ၏။ နှစ်စဉ် ညောင်ရေသွန်းပွဲတော်ကို ကဆုန်လဆန်း ၁၄ ရက်တွင် ကျင်းပလေ့ရှိသည်။ ညောင်ရေသွန်းပွဲကျင်းပရာတွင် ရွှေကြက်ယက်တိုက်နယ်ရှိ ကျေးရွာအုပ်စု ၁၅ ရွာဖြစ်သော (၁)ရွှေလေး၊ (၂)ပတ္တမြား၊ (၃)ကွက်သစ်-၂၊ (၄)သက္ကယ်တော်၊ (၅)စိန်တုန်း၊ (၆)ရွာသစ်၊ (၇)ရွှေဟသ်ာ၊ (၈)မိုးကောင်း၊ (၉)ကိုးသင်း၊ (၁၀)ခဝါ၊ (၁၁)သပြေတန်း၊ (၁၂)ကွက်သစ်-၁၊ (၁၃)ရွှေလောင်း၊ (၁၄)အောင်ချမ်းသာ၊ (၁၅)ရွှေဒင် တို့မှ နေရာစဉ်မဲနှိုက်၍ စီတန်းလှည့်လည်ကာ ရွှေကြက်ယက်ဘုရားပရဝုဏ်ရှိ မဟာဗောဓိညောင်ပင်ကို ညောင်ရေသွန်းလေ့ရှိသည်။

ညောင်ရေလှည့်ရာတွင် စုရပ်ဖြစ်သော ‘မင်္ဂလာညောင်ဇင်ကျောင်းတိုက်’မှ စတင်ထွက်ခွာကာ ရွာစဉ်တန်းများတွင် လှည့်လည်၍ တူညီဝတ်စုံများဝတ်ဆင်ခြင်း၊ ဝင်းခင်းလှည့်လည်ခြင်း၊ အတီးအမှုတ်အကအခုန်များဖြင့်လည်းကောင်း၊ အလှဆင်၊ မြင်းလှည်းများဖြင့်လည်းကောင်း စီတန်းလှည့်လည်ရာ မြင်ရသည်မှာ အလွန်ကျက်သရေရှိလှသည်။ လှည့်လည်ပွဲတွင် ပါဝင်သည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများမှာ ဗုဒ္ဓဘာသာဝင်တို့၏ မြန်မာ့ဟန်၊ မြန်မာ့သဏ္ဍာန်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့အလှဝေဖြာနေသည်။

ထိုညောင်ရေသွန်းပွဲတော်သို့ အမရပူရမြို့၊ စစ်ကိုင်း၊ မန္တလေးမြို့များမှ ပေါင်းမိုးတပ်လှည်းများ၊ ကားများ၊ ဆိုင်ကယ်များဖြင့် သီချင်းများဖွင့်ကာ တပျော်တပါးလာရောက်၍ လှည်းများကို ရွှေကြက်ယက်ဘုရား တောင်ကုန်းခြေတွင် စခန်းချရပ်နားကာ ဘုရားဖူးရင်း ညောင်ရေလှည့်ပွဲတော်ကို ကြည့်ရှုလေ့ရှိကြသည်။ အထူးသဖြင့် ကဆုန်လဆန်း ၁၄ ရက်တွင် ဗောဓိညောင်ပင်ကို ဘုရားဂေါပကများ၊ သက်ဆိုင်ရာ ရပ်ကွက်လူကြီးများက အခမ်းအနားဖြင့် ဖွင့်လှစ်၍ ဗောဓိညောင်ပင်ကိုပတ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကန်တော့ကြပြီး မေတ္တာသုတ်များ၊ အောင်ဂါထာများ ရွတ်ဆိုပူဇော်ဆုတောင်းပေးကြ၏။ ထို့နောက် ရပ်ကွက်အသီးသီးမှ အလှည့်ကျ ညောင်ရေသွန်းကြသည်။ ထိုအချိန်တွင် ကောင်းကင်တွင် မိုးသားများတက်လာပြီး မိုးရွာလေ့ရှိတတ်၏။ ထိုကဲ့သို့ ဖြစ်ပေါ်လာမည့်နှစ်တွင် မိုးကောင်းစွာ ရွာသွန်းပြီး သီးနှံများဖြစ်ထွန်းအောင်မြင်မည့် နိမိတ်ဖြစ်သည်ဟု ဆိုကြသည်။

ထိုသို့ ညောင်ရေသွန်းသော ကဆုန်လဆန်း ၁၄ ရက်နှင့် ကဆုန်လပြည့်နေ့များတွင် ဘုရားဖူးကြရင်း ရွှေကြက်ကျဘုရားတွင် ဧရာဝတီမြစ်ရေကို စက်သီးရစ်ဘီးနှင့် ဆွဲတင်ပြီး ကြက်မင်းရုပ်ကို ရေသွန်းလောင်းကြသကဲ့သို့ ရွှေကြက်ယက်ဘုရားတွင် ကြက်မင်းရုပ်တုကို ရေသွန်းလောင်းပြီး ဗောဓိညောင်ပင်ကိုပါ ရေသွန်းလောင်း၍ လိုရာဆုမွန်များ တောင်းလေ့ရှိသည်။ အထူးသဖြင့် ရွှေကြက်ကျ၊ ရွှေကြက်ယက် တောင်ကုန်းနှစ်ခုကြားရှိ လမ်းမကြီးဝဲ၊ ယာတွင် အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ရိုးရာမုန့်မျိုးစုံအရောင်းဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ စားသောက်ဆိုင်များရှိရာ ထိုဈေးတန်းမှာ ကြိတ်ကြိတ်တိုးစည်ကားလှ၏။ လှ၏၊ ကြက်မင်းရုပ်တုများနှင့် ဗောဓိညောင်ပင်ကို ရေသွန်း၍ ဆုတောင်းအဓိဋ္ဌာန်ပါက ပြည့်စုံအောင်မြင်သည်ဟု ဆိုသည်။

ရှေးက ‘အသနဗောဓိယမထေရ်’အလောင်းတော်သည် ‘တိဿဘုရားရှင်’၏ ဗောဓိပင်ကို စိုက်ပျိုးပူဇော်သော ကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်ရခြင်း၊ စကြာမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှ ကင်းလွတ်ရခြင်း စသည့်အကျိုးများခံစားရသည်ဟု ဓမ္မကျမ်းဂန်တွင် ဟောကြားထားသည်။ ထိုသို့ ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ ဗောဓိညောင်ပင်ကို နံ့သာရည်၊ ရေကြည်ရေအေးများ ရေစင်သွန်းဖျန်းရသော ကုသိုလ်ကြောင့် ရေအကျိုးဆယ်ပါး မတောင့်တဘဲ ပြည့်စုံခြင်း၊ အသက်ရှည်၊ အဆင်းလှခြင်း ဉာဏ်ပညာကြီးခြင်း၊ စိတ်နှလုံးချမ်းမြေ့ခြင်း စသည့်ကောင်းကျိုးချမ်းသာများ ပြည့်ဝကြမည်မှာမလွဲပါပေ။ ထို့အပြင် လပြည့်ရက်တွင် ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြခြင်း၊ သက်ကြီးပူဇော်ခြင်း၊ ငါးလွှတ်ခြင်း ကုသိုလ်များ၊ သီတင်းသီလဆောက်တည်ကြခြင်းကုသိုလ်များသည် အလွန်ထူးမြတ်သောဒါနဖြစ်လေသည်။ ထိုသို့ နှစ်စဉ်ကျင်းပသော ရွှေကြက်ယက်ညောင်ရေသွန်းပွဲသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ကို ထိန်းသိမ်းသော ပွဲတော်ဖြစ်ခြင်းကြောင့် ကုသိုလ်ယူစရာ၊ ဝမ်းသာကြည်နူးစရာ ပွဲတော်တစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ခိုင်ခန့်(အမရပူရ)



# အိမ်ဆောက်ပစ္စည်းများ ကုန်စျေးနှုန်းတည်ငြိမ်ရေး ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မေ ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော ဘိလပ်မြေအရောင်းဆိုင်များနှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များအား ကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် ဧပြီ ၃၀ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့စစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနနှင့် တာဝန်ရှိဌာနဆိုင်ရာများ ပူးပေါင်း၍ အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်များအား ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရာတွင် ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အကျိုးအမြတ်ရရှိရေးထက် စျေးနှုန်းတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ရန်၊ တရားဝင် ဖြန့်ဖြူးရောင်းချထားသော အိမ်ဆောက်ပစ္စည်းများ ဟုတ်၊ မဟုတ်၊ သိုလှောင်ထားရှိမှု ရှိ၊ မရှိ ၊ ကုန်ပစ္စည်း ပြတ်လပ်မှု ရှိ၊ မရှိ၊ ကုန်ညွှန်းအမှတ်အသားများ ပြည်စုံစွာဖော်ပြနိုင်မှု ရှိ၊ မရှိ တို့ကို လိုက်လံစစ်ဆေးခဲ့ကြပြီး စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ တားမြစ်ချက်များ အကြောင်း အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြကြောင်း သိရသည်။ **နောင်နောင်(ဗိဿနိုးမြေ)**

# ငှက်ပျောစျေးကွက် ကောင်းမွန်၍ စိုက်ပျိုးတောင်သူများ ဝင်ငွေတိုးပွား

**ပွင့်ဖြူ မေ ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ငှက်ပျောစျေးကွက် ကောင်းမွန်လာသဖြင့် ငှက်ပျောစိုက်ပျိုး တောင်သူများ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ငှက်ပျောစျေးကွက် ကောင်းမွန်လာလို့ ဒေသတွင်းရှိ ငှက်ပျောစိုက်ပျိုးတောင်သူတွေ သီးနှံဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေနေကြတယ်။ ဒေသတွင်းရှိ တောင်သူအများစုက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ တွဲဖက်ပြီး ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် ငှက်ပျော



စိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုလည်း ရှိပါတယ်။ နောက်ပြီး ငှက်ပျောစိုက်ပျိုးရာတွင် တောင်သူအများစုက စျေးကွက်အခြေအနေပေါ်မူတည်ပြီး ရေမြေဒေသနဲ့ကိုက်ညီတဲ့ ငှက်ပျောသီးနှံတွေကို ရွေးချယ်စိုက်ပျိုးကြပါတယ်။ အဓိကစိုက်ပျိုးတဲ့ ငှက်ပျောကတော့ ဖီးကြမ်းငှက်ပျော၊ ငှက်ပျောချဉ်၊ ရခိုင်ငှက်ပျော၊ သီးမွှေးငှက်ပျောတို့ကို စိုက်ပျိုးကြတယ်။ ဖီးကြမ်းငှက်ပျောက လူကြိုက်များပြီး အရောင်းသွက်ကာ စျေးပိုရတဲ့အတွက် တောင်သူတွေအများစုက အခြားငှက်ပျောထက်ပိုပြီး စိုက်ပျိုးကြတယ်။ လက်ရှိမှာ ငှက်ပျောစျေးကွက်တွင် ဖီးကြမ်းငှက်ပျော တစ်ဖီးကို ငွေကျပ် ၂၅၀၀-၃၀၀၀ စျေးနဲ့ ရောင်းချနေရပြီး ငှက်ပျောစိုက်ပျိုးတောင်သူတွေအတွက် လုပ်ငန်းအဆင်ပြေပါတယ်" ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ဖီးကြမ်းငှက်ပျောစိုက်ပျိုးသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မုန်းချောင်းရေနှင့် မြေအောက်ရေကို စနစ်တကျ အသုံးချပြီး သီးနှံဝင်ငွေတိုးပွားရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ဖီးကြမ်းငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေးငှက်ပျော၊ ရခိုင်ငှက်ပျောတို့ကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးထွက်ရှိသော ငှက်ပျောသီးများကို ခြံအထိလာရောက်ဝယ်ယူကြသည့် ကုန်သည်ပွဲစားများနှင့် လက်လီလက်ကားစျေးသည်များကို ဖြန့်ဖြူးရောင်းချပေးသကဲ့သို့ မင်းဘူး၊ မကွေး၊ ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)(၄၄၅)**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ကျိုးကျေးရွာသို့ ရေလှူဒါန်း

**ဆင်ပေါင်ဝဲ မေ ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ ဧပြီ ၃၀ ရက် နံနက် ၉နာရီက လယ်ကျိုးကျေးရွာသို့ သွားရောက်ရေလှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးအရာရှိ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက လယ်ကျိုးကျေးရွာပြည်သူများအား ရေဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ပြီး ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် သောက်သုံးရေ အခက်အခဲရှိသည့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ ဘုန်းတော်ကြီးကျောင်းများကို သောက်သုံးရေများ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ယာပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် သောက်သုံးရေသန့်များ သွားရောက်လှူဒါန်း

**ဇေယျာသီရိ မေ ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းတက္ကသိုလ်နယ်မြေများတွင် ယာယီတည်းခိုနေထိုင်သည့် ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် သောက်သုံးရေသန့်များကို ယမန်နေ့ နံနက်ပိုင်းက ဝန်ထမ်းများထံ လက်ဝယ်အရောက် ပေးပို့လှူဒါန်းခဲ့သည်။

အဆိုပါ ဇေယျာသီရိမြို့နယ်၊ ရေဆင်းတက္ကသိုလ်နယ်မြေ၊ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် သောက်သုံးရေသန့်များ သွားရောက်လှူဒါန်းခြင်းတွင် ဥတ္တရခရိုင်မှ ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်ကိုဖြိုး၊ ဥတ္တရခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ညီညီအောင်၊ ဇေယျာသီရိတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ အလှူရှင်များက တစ်လီတာသောက်ရေသန့်ဘူးခြောက်ဘူးပါ ကတ် ၅၀၊ ၂၀ လီတာ ဘူး ၅၀နှင့် ရေတိုင်ကီနှစ်လုံးပါ ကားတစ်စီးစာ သောက်သုံးရေသန့်များအား ယာယီတည်းခိုနေထိုင်သည့် ငလျင်ဘေးသင့်ဝန်ထမ်းများထံ လက်ဝယ်အရောက် ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# သက်တမ်းရင့်ပျိုးပင်များ ပျိုးထောင်

**ရေနံချောင်း မေ ၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင် ၊ရေနံချောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ၂၀၂၅ ခုနှစ်မိုးရာသီတွင် စိုက်ပျိုးမည့်စိုက်ခင်းများအတွက် အထူးစိမ်းသက်တမ်းရင့်ပျိုးပင်များ ပျိုးထောင်ထားရှိကြောင်း သိရသည်။


၂၀၂၅ ခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် ၁/၂၀၂၅ ရေဝေရေလဲစိုက်ခင်း ဧက ၆၀ အတွက် ၃၀၂၂၅ ပင်နှင့် အထူးစိမ်းလန်းစိုပြည်ရေးဇုန် ၁၅၅၀၀ ပင်အား ပျိုးထောင်ထားရှိကြောင်း ရေနံချောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ)**

**ဆန်းညွန့်ရေနံချောင်း**



# မန္တလေးတိုင်းဒေသကြီးနှင့် တိုင်းနှင့် ပြည်နယ်အချို့တွင် နှစ်စဉ်မေလ၏ မိုးရေချိန်ထက် ၂၀ မီလီမီတာအထိ မိုးပိုနိုင်



**မန္တလေး မေ ၁**

မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏နှစ်စဉ် ရွာသွန်းမြဲထက် အများဆုံး ၁၀ မီလီမီတာမှ(သုညဒသမ၄လက်မ)၂၀ မီလီမီတာ(၀ ဒသမ ၈ လက်မ)ခန့်ပိုမို၍ မိုးရွာသွန်းနိုင်သည်ဟု မိုးဇလပညာရှင်တစ်ဦးက ခန့်မှန်းထားသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မုတ်သုံမိုးဦးရွာသွန်းနိုင်ခြေမှာ ၂၄နာရီအတွင်း ၂လက်မခွဲခန့်အထိ မိုးများနိုင်သည်ဟု သိရသည်။

**(ဝဲပုံ)(မန္တလေးနေ့စဉ်-၉)**



# (၁၄)ကြိမ်မြောက် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ပို့ချ

**ငဖဲ မေ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ဇီးတောကျေးရွာတွင် ဇီးတောကျောင်းတိုက်မှ ကြီးမှူး၍ လူငယ်လူရွယ်များ ယဉ်ကျေးလိမ္မာမှုရှိစေရန်၊ ဘာသာရေး အသိဉာဏ်ဗဟုသုတတိုးပွားစေရန်၊ ဘာသာ သာသနာနှင့် ထိတွေ့နီးစပ်မှုရရှိစေရန် ရည်ရွယ်၍ (၁၄)ကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ကို ယမန်နေ့ နံနက်ပိုင်းမှစ၍ အဆိုပါ ကျောင်းတိုက်တွင် ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ရှေးဦးစွာ နံနက် ၇ နာရီတွင် ဇီးတောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကစ္စာယနထံမှ ကျောင်းသား၊ ကျောင်းသူများက ငါးပါးသီလနှင့် ဩဝါဒစကားခံယူဆောက်တည်ကြပြီး ဆရာတော် ဦးဣန္ဒောဘာသ က သင်တန်းဆိုင်ရာ စည်းမျဉ်း၊စည်းကမ်းများနှင့် အရှင်ထေရာနန္ဒက ကျောင်းသား၊ ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချရန်၊ သင်ခန်းစာများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားသင်ယူကြရန်နှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ရခြင်း အကြောင်းများကို ပြောကြားကာ ဆရာတော်များနှင့် ဆရာ၊ ဆရာမများက နံနက်ပိုင်းတွင် နှစ်ကြိမ်၊ နေ့လယ်ပိုင်းတွင် နှစ်ကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်ခန်းစာများ၊ ၃၈ ဖြာမင်္ဂလာ တရားတော်များ၊ လောကနီတိနှင့် ဆုံးမစာများကို သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ ဇီးတောကျေးရွာအုပ်စုမှ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၉၅ ဦး တက်ရောက်ကြပြီး ဧပြီ ၂၂ ရက်မှ မေ ၃ ရက် အထိ ၁၂ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား အလှူရှင်များက စာရေးကိရိယာများနှင့် နေ့လယ်စာထမင်း၊ ဟင်း၊ အချိုရည်၊ မုန့်များကို ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) မယု(ငဖဲ)**

# မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)သို့ အလှူငွေများ လှူဒါန်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းကုသ

**မန္တလေး မေ ၁**

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)သည် ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ငလျင်ဘေးသင့် ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ဆေးကုသပေးလျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ်၊ လမ်း ၇၀နှင့် ၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)သို့ ငလျင်ဘေးသင့် ပြည်သူများအား ဆေးကုသနိုင်ရန် အလှူငွေများကို လာရောက်လှူဒါန်းလျက်ရှိရာ ဧပြီ ၂၇ ရက်က ချမ်းအေးသာစံမြို့နယ်နေ Intelligent Solution ဆေးကုမ္ပဏီမှ Managing Director ဦးသိန်းထွဋ်က ငွေကျပ် သိန်း ၁၀၀ လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်းနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြသည်။




မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)မှ ဒုတိယဥက္ကဋ္ဌ ဆီးနှင့် ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်၊ အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာ မောင်မောင်သန်း၊ ဒေါက်တာ မျိုးခိုင်၊ ဒေါက်တာရန်နိုင်မိုးနှင့် အဖွဲ့သည် ဧပြီ ၂၇ ရက်က အမရပူရမြို့နယ်၊ ရတနာ့ဂူဘုရားအနီး၊ စကျင်ဝကျေးရွာ ငလျင်ယာယီကယ်ဆယ်ရေးစခန်းတွင် ဒေသခံပြည်သူများအား ကွင်းဆင်း၍ ကျန်းမာရေးစစ်ဆေး ကုသပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၀၄၅)

*-*-*-*-*-*

# စာဖတ်ရှိန်မြှင့်တင်ရေး သတ်ပုံအမှန် ရွေးကြမယ်ပြိုင်ပွဲ ကျင်းပ

**နတ်မောက် မေ ၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ လူထုအခြေပြု ဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမတွင် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် သတ်ပုံအမှန် ရွေးကြမယ်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးအိအိဇော်က နွေရာသီကျောင်းပိတ်ရက် အားလပ်ရက်များတွင် လူငယ်များ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အနာဂတ်တွင် အသိပညာဗဟုသုတ ကြွယ်ဝသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရန်နှင့် လူငယ်၊ လူရွယ်များ အာရုံစူးစမ်းလေ့လာမှုနှင့် ဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ စိတ်လက်ပေါ့ပါးပျော်ရွှင်စေရန်၊ မြန်မာစာလုံးပေါင်းသတ်ပုံအမှန်များ ပိုမိုလေ့လာနိုင်စေရန်နှင့် အလေ့အကျင့်ကောင်းမှ အလေ့အထကောင်းများ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် သတ်ပုံအမှန် ရွေးကြမယ်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(အောက်ဝဲပုံ)**



ထို့နောက် ပြိုင်ပွဲဝင် လူငယ်လူရွယ်များက မြန်မာစာ၊ မြန်မာစကားစာအုပ်မှ ထုတ်နုတ်ထားသည့် စာလုံးပေါင်းသတ်ပုံအမှန် ရွေးပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မှူမှူစန်း**

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ မေ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်အတွက် ယနေ့ နံနက် ၇ နာရီက မြို့မစည်ပင်သာယာဈေးကြီးတွင် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၊ ဦးဆောင်သော ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်အတူ မြို့မစည်ပင်သာယာဈေးသို့ သွားရောက်ပြီး ဈေးသူ၊ ဈေးသားများကို တွေ့ဆုံကာ မြို့နယ်တွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်အတွက် ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ် (ကြွပ်ကြွပ်အိတ်)များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်နှင့် ပလတ်စတစ် အစားထိုးပစ္စည်းများဖြစ်သော အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ကိုသာ သုံးစွဲကြရန်၊ ဈေးဝယ်ရာ၌ မိမိတို့နေအိမ်မှ လက်ဆွဲခြင်း(သို့မဟုတ်) ထည့်စရာတစ်ခုခုတို့ကို တစ်ပါတည်း ယူဆောင်လာကြရန် စသည့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာ ပြည်သူများကို သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးပြီး ဈေးရောင်း၊ဈေးဝယ်ရာတွင် အသုံးပြုရန် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူ တို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(၄၄၅)

# ပေါင်ကြီးတင်နည်းစနစ်ဖြင့် ရေသွင်းနှမ်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

**ပွင့်ဖြူ မေ ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက သီးနှံအထွက်နှုန်း တိုးတက်စေရန် ပေါင်ကြီးတင် နည်းစနစ်ဖြင့် ရေသွင်းနှမ်းများ အားထားစိုက်ပျိုးလျက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း စိုက်ဧက ၂၇၁၉၃ ဧက လျာထား စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ နွေနှမ်း ဧက ၂၉၆၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ဒေသခံတောင်သူများက နှမ်းစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်များကို ရွေးချယ်ပြီး အထွက်နှုန်းကောင်းမွန်သော ပေါင်ကြီးတင် နည်းစနစ်ဖြင့် ရေသွင်း၍ အားထားစိုက်ပျိုးကြသည်။

“ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ဒေသတွင်း စားသုံးဆီ ဖူလုံပိုလျှံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ နွေနှမ်း စိုက်ဧက ၂၇၁၉၃ ဧက လျာထား စိုက်ပျိုးဆောင်ရွက်ခဲ့ရာ လက်ရှိမှာ စိုက်ဧက ၂၉၆၉၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးရေးလုပ်ငန်းနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ ပန်းတိုင်အထွက်နှုန်းများ ရရှိအောင် စိုက်ပျိုးကြဖို့နဲ့ ပိုးမွှားရောဂါကင်းဝေးအောင် စနစ်တကျ ဆောင်ရွက်ကြဖို့ နယ်မြေကွင်းဆင်းပြီး နည်းပညာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရေး ပေါင်ကြီးတင်စိုက်နည်းစနစ်များနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရန် တောင်သူပညာပေးသင်တန်းများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် စိုက်ပျိုးရေ စနစ်တကျ သုံးစွဲရေး အသိပညာပေးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၄၅)**



# ကျေးရွာအုပ်စု စိုက်/ကြပ်အဖွဲ့များနှင့် တွေ့ဆုံပွဲကျင်းပ



**တပ်ကုန်း မေ ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် နွေစပါးနှင့် နွေသီးနှံအောင်ချက်ပြည့်မီရေးနှင့် စိုက်ပျိုးရေမှျတစွာရရှိရေး မြို့နယ်၊ ကျေးရွာအုပ်စု စိုက်/ကြပ်အဖွဲ့များနှင့် တွေ့ဆုံပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်သူက မတ် ၂၈ ရက်က လွှပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများ ဆင်သေရေလွှဲဆည်မှ လက်ဝဲမြောင်းထွက်ရေများ အခက်အခဲဖြစ်ခဲ့ကြောင်း၊ ဆိုလာစနစ်ဖြင့် ရေတင်နိုင်ရေးနှင့် မြောင်းရှင်း၊ မြောင်းဖျားတောင်သူများ ဆည်ရေကို အကျိုးရှိရှိ မျှတစွာအသုံးချရေး ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းထွန်းက နွေစပါးစိုက်တောင်သူများ ရေအခက်အခဲကြောင့်စိုက်ခင်းများ အောင်မြင်မှုနှင့် အပင်ပွားနှုန်းများ၊ ကုစားမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက ဆင်သေရေလွှဲဆည်အတွင်း ရေများကို လက်ဝဲမြောင်း၊ လက်ယာမြောင်းများမှ ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသည့် မြို့နယ်၊ ကျေးရွာအုပ်စု စိုက်/ကြပ်အဖွဲ့များက ဆိုလာစနစ်ဖြင့် မြေအောက်ရေအသုံးပြုရေးနှင့် ရေသွယ်လမ်းများ ရှင်းလင်းတင်ပြခဲ့ရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**



# ဆောင်းရာသီတွင် စိုက်ပျိုးခဲ့သည့် ပဲလွမ်းရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ မေ ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ပဲလွမ်းသီးနှံဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းသီးနှံ ဧက ၂၀၁၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲလွမ်းသီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံရာသီက ပဲလွမ်းဧက ၂၀၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲလွမ်းသီးနှံ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းတိုးတက်ဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးကြဖို့ တောင်သူတွေကိုလိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေး စသည့် တောင်သူပညာပေးလုပ်ငန်းများအပြင် သီးနှံရိတ်သိမ်းခြွေလှေ့ချိန်တွင်လည်း အထွက်နှုန်းလျော့နည်းမှုမရှိစေရေးအတွက် အချိန်မီသီးနှံရိတ်သိမ်းခြွေလှေ့နည်းပညာနှင့် ရိတ်သိမ်းပြီး သီးနှံများ အရည်အသွေးကောင်းမွန်စေရန် အမိုးအကာများအောက်တွင် စနစ်တကျထားသိုသိမ်းဆည်းနည်းစနစ်များကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၄၄၅)

# ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်းစိုက်ပျိုးတောင်သူများကို မြေသြဇာအိတ်နှင့် သဘာဝရွက်ဖျန်းအားဆေးများ ထောက်ပံ့ပေးအပ်

**ပွင့်ဖြူ မေ ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ အရည်အသွေးမြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)မှ ဦးဆောင်၍ နန်းထက်မြန်မာကုမ္ပဏီနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ ကန်ထရိုက် လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်း ဧက ၃၀၀ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ရာ ယမန်နေ့က ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူ ပူးပေါင်းစိုက်ပျိုးမည့် ဒေသခံတောင်သူများကို ဓာတ်မြေသြဇာအိတ်များနှင့် သဘာဝရွက်ဖျန်းအားဆေးများ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း အရည်အသွေးမြင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ ရည်ရွယ်ပြီးတော့ ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်းနှမ်း ဧက ၃၀၀ စိုက်ပျိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီ ကန်ထရိုက်လယ်ယာစနစ်နဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မယ့် ရေသွင်းနှမ်းစိုက်ပျိုးခြင်း အစီအစဉ်ကို မြို့နယ်တောင်သူအကျိုးဆောင်အသင်းက ဦးဆောင်ပြီး နန်းထက်မြန်မာကုမ္ပဏီနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်းနှမ်းစိုက်ပျိုးမယ့်တောင်သူ ဦးရေ ၁၂၀ ဦးရှိပါတယ်။ တောင်သူတွေအတွက် ရေသွင်းနှမ်း အဆင်ပြေစွာ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးစရိတ်အနေနဲ့ တစ်ဧကကို ငွေကျပ် တစ်သိန်း၊ စိုက်ပျိုးရေးသွင်းအားစုအနေနဲ့ တစ်ဧကကို တို့ကျေးလက်ဓာတ်မြေသြဇာအိတ် ၅၀ Kg နှစ်လုံး၊ ဘိုင်အိုကောင်း အမှတ်တံဆိပ် သဘာဝရွက်ဖျန်းအားဆေးသုံးမျိုးပါ နှစ်တွဲစီကိုထောက်ပံ့ပေးပါတယ်။ ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်းနှမ်းစိုက်ပျိုးနေကြတဲ့ကျေးရွာတွေက တောင်သူတွေကို စိုက်ပျိုးရေးသွင်းအားစုတွေ သွားရောက်ထောက်ပံ့ပေးခဲ့ပါတယ်။ ဒါ့အပြင် ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်းနှမ်း ဧက ၉၀၀ ကိုလည်း Green Growth Generation (GGG) ကုမ္ပဏီနဲ့တောင်သူတွေ အကျိုးတူ ပူးပေါင်းပြီး စိုက်ပျိုးဆောင်ရွက်ခနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း (FFA) ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။



ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)က မြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရေး၊ အရည်အသွေးမြင့်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများတွင် ထုတ်လုပ်သူရော စားသုံးသူပါ အစားအစာ ဘေးကင်းလုံခြုံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့် တောင်သူအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ ဒေသတွင်းရှိ တောင်သူများကို သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိစေရန် ကန်ထရိုက် လယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးခြင်း၊ စိုက်ပျိုးသီးနှံများပေါ်ချိန်တွင် တောင်သူများအတွက် သင့်တင့်မျှတသော သီးနှံဈေးနှုန်းများ ရရှိစေရေးအတွက် တောင်သူစုပေါင်းသီးနှံရောင်းချပွဲများ စီစဉ်ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဘူးပင်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိ

**နတ်မောက် မေ ၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် စားဖိုချောင်အတွက် နေ့စဉ်ချက်ပြုတ်စားသုံးရန် ဟင်းသီးဟင်းရွက်များဖြစ်သည့် ချဉ်ပေါင်ရွက်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ကန်စွန်းရွက်၊ နံနံပင်၊ ဖရုံသီး၊ကြက်ဟင်းခါးသီး၊မုန်လာဥဖြူ၊ မုန်လာဥနီ၊ ဘူးပင်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း စိုက်ပျိုးရောင်းချသူ မကြူးက ပြောသည်။ (ယာပုံ)

ဘူးပင်သည် စိုက်ပျိုးရာတွင် လွယ်ကူပြီး ရှင်သန်လွယ်သော အပင်မျိုးဖြစ်ကြောင်း၊ မြေအောက်ရေပေးသွင်းခြင်းဖြင့် ရာသီမရွေး စိုက်ပျိုးနိုင်သောအပင်မျိုးဖြစ်ကြောင်း၊ ဘူးပင်စိုက်ပျိုးမည်ဆိုပါက ပင်ကြား၊ တန်းကြား ခြောက်ပေစီထားရှိကာ တစ်ပေအနက်ကျင်းတူး၍ သဘာဝမြေဆွေးများဖြစ်သည့် နွားချေး၊ ဆိတ်ချေး ရောနှောထည့်သွင်းပြီး သုံးလက်မအနက်တွင် ဘူးစေ့ လေးစေ့ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး သန်သောအပင်ကိုသာထားရှိကြောင်း၊ အပင်ကြီးထွားမှု အပေါ်မူတည်၍ ၇၅ ရက်မှ ရက် ၉၀တွင် အသီးများ ရရှိနိုင်ကြောင်း၊ မိသားစုဟင်းစားအတွက် စားသုံးနိုင်ပြီး ပိုလျှံသည့်အသီးများအား မိမိတို့ကျေးရွာ အကြော်အရောင်းဆိုင်များတွင် ရောင်းချသလို မြို့မဈေးသို့လည်း တင်ပို့ရောင်းချကြကြောင်း၊ ဘူးသီးအလုံးအကြီး၊ အသေးအပေါ်မူတည်၍ တစ်လုံးကို ငွေကျပ် ၅၀၀မှ ၁၀၀၀ အထိ ရောင်းချရသည့်အတွက် တစ်ကြိမ်နူးယူရောင်းချပါက ငွေကျပ် ၂၀၀၀၀ ခန့်ရရှိသောကြောင့် မိသားစုအပိုဝင်ငွေရရှိကြောင်း တွင်းကြီးကျေးရွာမှ စိုက်ပျိုးရောင်းချသူ မစိုးစိုးကပြောသည်။ **မှူမှူစန်း**



တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန် သစ်ပင်ရုံမှ သဏ္ဍာန်လှပ ပန်းရသိမ့်။

## မကွေးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**မကွေး မေ ၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား ယမန်နေ့ နံနက် ၉ နာရီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ် ဦးစီးမှူး ဦးစိုးသူ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် (FSC) ရရှိရေး၊ တပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အဆင်သင့်ဖြစ်စေရေး၊ ရေရရှိရေးတို့ကို စီမံဆောင်ရွက်ထားရှိရန်နှင့် စက်သုံးဆီဆိုင်ဝန်ထမ်းများအား မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသုံးပြုတတ်စေရန် ဖာတ်တိုက်လေ့ကျင့်ခြင်းများ စီမံဆောင်ရွက်သွားရန် စစ်ဆေးအကြံပြု ဆောင်ရွက်ခဲ့သည်။



ယခုအချိန်အခါသည် ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်၍ မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတိမူရေး နှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးခြင်း၊ ဖာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းအိမွန်(ပြန်/ဆက်)**



## စက်သုံးဆီဆိုင်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

**တောင်တွင်းကြီး မေ ၁**

၂၀၂၅ ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စက်သုံးဆီဆိုင်များအား ယမန်နေ့ နံနက် ၈ နာရီက ပူးပေါင်းအဖွဲ့မှ လိုက်လံစစ်ဆေးခဲ့ကြသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်နှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ခိုင်ခိုင်ကျော်၊ ဝါဝါဝင်း၊ နန်းထိုက်စံ၊ T&T၊ New Day၊ အာကာကျော်စက်သုံးဆီအရောင်းဆိုင်နှင့် မြင့်မိုရ်ဆုစက်သုံးဆီအရောင်းဆိုင်တို့ကို လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဧပြီ ၂၇ ရက် နံနက် ၈ နာရီ ၅ မိနစ်က ပြင်ဦးလွင်မြို့နယ်၊ ဘိုးနေဒွန်းကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မမြင့်မြင့်စန်း(ခ)မိငယ်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၈ နာရီခွဲက မနှင်းနှင်းအေးအား အဆိုပါကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြား ၅,၀၀၀ အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် လှိုင်မင်းစိုး မောင်းနှင်ပြီး မမို့မို့ဝင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သို၀ှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၅,၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မမြင့်မြင့်စန်း(ခ)မိငယ်(၅၄)နှစ်၊ မနှင်းနှင်းအေး(၃၄)နှစ်၊ လှိုင်မင်းစိုး(၃၆)နှစ် နှင့် မမို့မို့ဝင်း(၂၅)နှစ်တို့အား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

ဧပြီ ၂၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကံတလူစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ မိုးညှင်းမြို့သို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန်းပုတ်ကျေးရွာနေ တင်မိုးထွန်း(၄၀)နှစ် မောင်းနှင်လာသည့် MDY-16/7 L---- CROWN အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် တင်မိုးထွန်းအား ရွာသစ်ကြီးနယ်မြေရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## တာချီလိတ်မြို့၌ မိုးရွာသွန်းခြင်းကြောင့် အနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်

**တာချီလိတ် မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ယမန်နေ့ နံနက်အစောပိုင်းက မိုးရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်းကာ မြေနိမ့်ရပ်ကွက်များတွင် ယမန်နေ့ မွန်းလွဲမှစ၍ ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မိုးရွာသွန်းခြင်းကြောင့် ပုန်းထွန်၊ တာလော့၊ မကာဟိုခမ်းနှင့် ဆန်ဆိုင်း(ခ)ရပ်ကွက်တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၌ ဓားရှည်ကိုင်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၌ ဓားရှည်ကိုင်ဆောင်သူ အမျိုးသားနှစ်ဦးအား ဧပြီ ၂၈ ရက်က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။




ဖြစ်စဉ်မှာ ဧပြီ ၂၈ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဟောင်လိတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက် တရုတ်ဘုံကျောင်းအနီးအရောက်၌ အဆိုပါရပ်ကွက်နေ ရဲနောင်(ခ)စူပါမန်း(၂၇)နှစ်အား အရိုး၊အသွား ၂၉ လက်မခန့်ရှိ ဓားရှည်တစ်ချောင်းကိုင်ဆောင်၍လည်းကောင်း၊ မျိုးမင်းစိုး(၂၂)နှစ်အား အရိုး၊ အသွား လက်မ ၂၀ ခန့်ရှိ ဓားရှည်တစ်ချောင်းကိုင်ဆောင်၍လည်းကောင်း ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရဲနောင်(ခ)စူပါမန်းနှင့် မျိုးမင်းစိုးတို့နှစ်ဦးအား ဟောင်လိတ်နယ်မြေရဲစခန်းမှ လက်နက်ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ အငြိမ်းစားပါမောက္ခအမျိုးသမီးတစ်ဦးကို သတ်ဖြတ်ခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော်   မေ ၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ဧပြီ ၂၇ ရက်က အငြိမ်းစားပါမောက္ခ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၇ ရက် နံနက် ၇ နာရီခန့်တွင် ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်အတွင်း အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကိုတွေ့ရှိရကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရေထွက်ကျေးရွာ မြောင်းပေါင်ဘေး လယ်ကွင်းအတွင်းဆောက်လုပ်ထားပြီး လူနေထိုင်ခြင်းမရှိသည့် တစ်ထပ်တိုက်အတွင်း ဒေါ်ထွေးထွေး(၆၆)နှစ် ပါမောက္ခ (အငြိမ်းစား) (ဘ)ဦးအောင်သန်းအား နဖူးပြတ်ရှဒဏ်ရာဖြင့် မှောက်လျက်အနေအထား သွေးအိုင်အတွင်း သေဆုံးပုပ်ပွနေသည်ကို တွေ့ရှိရသဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း(ပ)၇၈/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် တာဝန်ရှိသူများက အထူးအမှုစစ်အဖွဲ့ဖွဲ့စည်းကာ အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်အား အသေးစိတ်စစ်ဆေးခြင်း၊ သေဆုံးသူနှင့်ပတ်သက်သည့် အချက်အလက်များကို စုံစမ်းရှာဖွေခြင်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ သေဆုံးသူပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေး အသုံးပြုမောင်းနှင်ခဲ့သည့် MDY-15 7G/xxxx Belta အမျိုးအစား ခဲရောင်မော်တော်ယာဉ်အား အခင်းဖြစ်နေရာအနီးမှ သိမ်းဆည်းရရှိခဲ့ပြီး ဒေါ်ထွေးထွေးမှာ ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ မင်္ဂလာရန်ကင်းအိမ်ရာ (အငြိမ်းစားအိမ်ရာ)၊ တိုက်အမှတ် (C-16)၊ အခန်းအမှတ်(၄၀၁)တွင် တစ်ဦးတည်းနေထိုင်ပြီး တူတော်စပ်သူ ဦးရဲဝဏ္ဏနှင့်အတူ အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်းသိရှိရသဖြင့် ပတ်ဝန်းကျင်သက်သေများကို အသေးစိတ်စစ်ဆေးခဲ့ရာ သက်သေများ၏ ထွက်ဆိုချက်များအရ ဒေါ်ထွေးထွေးမှာ ဧပြီ ၂၅ ရက် နံနက် ၇ နာရီတွင် နေအိမ်မှတစ်ဦးတည်း ၎င်းပိုင်မော်တော်ယာဉ်ဖြင့် ထွက်ခွာသွားသည်ကိုမြင်တွေ့ရကြောင်း၊ ထိုနေ့ မွန်းလွဲ ၂ နာရီကျော်ခန့်တွင် စိုင်းထွန်းနေ(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုးက Belta ခဲရောင်မော်တော်ယာဉ်တစ်စီးကို မောင်းပေးရန် ၎င်းနှင့် ခင်မင်ရင်းနှီးသူတစ်ဦးအား အကူအညီတောင်းခံခဲ့ကြောင်း၊ ၎င်းကားနောက်ခန်းအတွင်းမှ မိန်းမစီးဖိနပ်တစ်ရံအား ရေကန်အတွင်းသို့ လွှင့်ပစ်သည်ကို မြင်တွေ့ရကြောင်း၊ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ဒေါ်ထွေးထွေး၏ နေအိမ်သို့ ၎င်းနှင့်မြေကွက်အရောင်းအဝယ်ပြုလုပ်နေသူ စိုင်းထွန်းနေ(ခ)ကိုစိုင်း(ခ)ငြိမ်းချမ်းဖြိုး(ခ)ကိုဖြိုး ရောက်ရှိလာပြီး နေအိမ်အတွင်း ဝင်သွားသည်ကို မြင်တွေ့ရကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် စိုင်းထွန်းနေ(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး (ခ)ကိုဖြိုးအား ဖမ်းဆီးစစ်ဆေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းမှာ မိသားစုများနှင့်အတူ တောင်ကြီးမြို့သို့ ထွက်ခွာသွားကြောင်း ထပ်မံစုံစမ်းသိရှိရသဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် တရားခံ စိုင်းထွန်းနေ(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုး ၂၅ နှစ် (ဘ)ဦးစန်းယုအား ဟဲဟိုးမြို့ရှိ တည်းခိုခန်းတစ်ခု၌ ပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေးအားသတ်ဖြတ်ပြီး ယူဆောင်ခဲ့သည့် မောင်းကွင်းရွှေလက်စွပ်တစ်ကွင်း၊ ကျောက်ပါ ရွှေထည်လက်စွပ်ငါးကွင်း၊ ရွှေကလစ်တစ်ခု၊ ကျောက်ပါရွှေထည် လော့ကတ်သီးနှစ်ခု၊ သံကြိုးပုံရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်ပါ ရွှေဆွဲကြိုး တစ်ကုံး၊ ကျောက်ပါ ရွှေလက်ကောက်တစ်ကွင်း၊ ရွှေကြယ်သီးငါးလုံး၊ မြေကွက်အရောင်းအဝယ် စာချုပ်/ စာရွက်စာတမ်း ၃၉ စောင်၊ Wave 110 ဆိုင်ကယ်တစ်စီး၊ မြန်မာငွေစက္ကူရောရော ငွေကျပ် ၂၀၂၀၀၀၀ တို့နှင့် အတူ သိမ်းဆည်းရမိခဲ့သည်။






ပုသိမ်ကြီးမြို့မရဲစခန်း(ပ)၇၈/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၀၂ အမှုမှ ပြစ်မှုကျူးလွန်သူတရားခံနှင့် ပြန်လည်သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

တရားခံ စိုင်းထွန်းနေ(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ)ကိုဖြိုး၏ ထွက်ဆိုချက်အရ ၎င်းနှင့် ပါမောက္ခ(အငြိမ်းစား) ဒေါ်ထွေးထွေးတို့သည် ဧပြီ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာနှင့် နမ်းကြဲကျေးရွာအကြားရှိ ဒေါ်ထွေးထွေး ပိုင်ဆိုင်သည့် ခြံကွက်အား အရောင်းအဝယ်ပြုလုပ်ရန်ပြသစဉ် အရောင်းအဝယ်မတည့်သဖြင့် စကားများရာမှ ဒေါ်ထွေးထွေးအား လည်ပင်းညှစ်၍ အုတ်နီခဲဖြင့် ဦးခေါင်းအားနှစ်ချက်ထုရိုက်ခဲ့ကာ ၎င်းစီးနင်းလာသည့် MDY-15 7G/xxxx Belta အမျိုးအစား မော်တော်ယာဉ်အတွင်းမှ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၅၀ တို့အား ယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အငြိမ်းစားပါမောက္ခ ဒေါ်ထွေးထွေးအား သတ်ဖြတ်၍ ၎င်းပိုင်ရွှေထည်ပစ္စည်းများနှင့် ငွေကြေးများကို ယူဆောင်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့သူ စိုင်းထွန်းနေ(ခ) ကိုစိုင်း(ခ) ငြိမ်းချမ်းဖြိုး(ခ) ကိုဖြိုးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အမျိုးသားတစ်ဦးအား ဇနီးဖြစ်သူမှ ၎င်းနှင့်လူမှုရေးဖောက်ပြန်နေသည့် အမျိုးသားနှင့် ပူးပေါင်းလုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော်   မေ ၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဧပြီ ၂၇ ရက်က ဖြစ်ပွားခဲ့သည့် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူမှ ၎င်းနှင့်လူမှုရေးဖောက်ပြန်နေသည့်အမျိုးသားနှင့် ပူးပေါင်း၍ လုပ်ကြံသတ်ဖြတ်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီတွင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ၃၇ x ၃၈ လမ်းကြား သင်္ဘောပတ်လမ်း (အနောက်)ရှိ Happy Like လက်ဖက်ရည်ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးအောင်နေမျိုး(၅၀)နှစ်သည် လက်ဖက်ရည်ဆိုင် အိပ်ခန်းအတွင်း ကျည်ထိမှန်ဒဏ်ရာများဖြင့် အသတ်ခံထားရကြောင်း ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရွှေစင်ဝင်း၏ ဖုန်းဆက်အကြောင်းကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ဦးအောင်နေမျိုးအား လက်ဖက်ရည်ဆိုင် အိပ်ခန်းအတွင်း ခုတင်ပေါ်၌ ယာနားထင်မှ ကျည်ဖောက်ဝင်ပြီး ဝဲနားထင်ကျည်ဖောက်ထွက် ဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်၌ ထိုးသွင်းဒဏ်ရာ နှစ်ချက်တို့ဖြင့် သေဆုံးနေပြီး အခင်းဖြစ်နေရာမှ Thai Arms 9mm စာတန်းပါ ကျည်ခွံတစ်ခု သိမ်းဆည်းရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ တရားခံအား ဖော်ထုတ်ဖမ်းဆီးရရှိနိုင်ရေး အမှတ်(၇) နယ်မြေရဲစခန်း(ပ) ၅၀/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အထူးအမှုစစ်အဖွဲ့ဖွဲ့၍ အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ သက်သေများစစ်ဆေးခြင်း၊ မသင်္ကာတရားခံများ စုံစမ်းရှာဖွေခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ သေဆုံးသူ ဦးအောင်နေမျိုး၏ ဇနီး ဒေါ်ရွှေစင်ဝင်းမှာ မသင်္ကာဖွယ် အမူအရာပျက်ယွင်းနေသဖြင့် ၎င်းအား အသေးစိတ်စစ်ဆေးခဲ့ရာ ခင်ပွန်းဖြစ်သူမှာ ၎င်းအား အမျိုးမျိုးညှဉ်းပန်းနှိပ်စက်သည့်အပြင် အတူနေ ၎င်း၏ညီအစ်ကိုမောင်နှမများအား နေအိမ်မှ အကြိမ်ကြိမ်မောင်းချသဖြင့် စိတ်နာကြည်းခဲ့ကြောင်း။

လွန်ခဲ့သော (၁)နှစ်ကျော်က Tik Tok အသုံးပြုရာမှ ၎င်းနှင့် ချစ်ကြိုက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေးအတွင်း ကုန်စိမ်းရောင်းချသူ ဇော်ဖြိုးအောင် (၃၃)နှစ်အား မန္တလေးမြို့သို့ ခေါ်ဆောင်၍ အတူနေထိုင်ခဲ့ကြောင်း၊ လွန်ခဲ့သော တစ်လကျော်မှစတင်၍ မန္တလေးမြို့သို့ ဇော်ဖြိုးအောင် ရောက်ရှိလာသည့်အခါ ၎င်းတို့နှစ်ဦး အတူနေထိုင်ရန်အတွက် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အုတ်စက်ရပ်အကွက်(၁၃)ရှိ အဆောင်တစ်ဆောင်အားငှားရမ်းပေးခဲ့ကြောင်း၊ ဒေါ်ရွှေစင်ဝင်းက ၎င်းအား ညှဉ်းပန်းနှိပ်စက်နေသည့် ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ပေးရန် ဇော်ဖြိုးအောင်အား လွန်ခဲ့သော ရက်အနည်းငယ်က ဖုန်းဖြင့်ဆက်သွယ် ပြောဆိုတိုင်ပင်ခဲ့ကြောင်း၊ ဧပြီ ၂၅ ရက် ညနေ ၆ နာရီတွင် ဇော်ဖြိုးအောင်မှာ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိချိန်တွင် ၎င်းမှ ခင်ပွန်းဖြစ်သူအား လုပ်ကြံသတ်ဖြတ်ရန်အတွက် လာရောက်ရမည့်အချိန်နှင့် ခင်ပွန်းဖြစ်သူ အိပ်သည့်နေရာတို့ကို အသေးစိတ် ထပ်မံရှင်းလင်းပြောပြခဲ့ကြောင်း၊ ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ဇော်ဖြိုးအောင်က ဦးအောင်နေမျိုး အိပ်သည့်အခန်းအတွင်း ဝင်ရောက်ကာ သေနတ်ဖြင့် လုပ်ကြံ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ဇော်ဖြိုးအောင် နေထိုင်ရန် ၎င်းငှားရမ်း ပေးထားသည့် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အုတ်စက်ရပ် အကွက်(၁၃)ရှိ အဆောင်အား ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါ အခန်းအတွင်းမှ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SIGSAUER အမျိုးအစား 9mm ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၂၈ တောင့်နှင့် Scoopy ဆိုင်ကယ် တစ်စီးတို့အားသိမ်းဆည်းရမိခဲ့ပြီး တရားခံ ဇော်ဖြိုးအောင်မှာ ၎င်း၏ ဇာတိဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့နယ် တံခွန်တိုင် ကျုံဝါးကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း ထပ်မံစုံစမ်း ဖော်ထုတ်သိရှိရသဖြင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် တရားခံ ဇော်ဖြိုးအောင်(၃၃)နှစ် (ဘ) ဦးစံမြင့်အား တံခွန်တိုင်ကျုံဝါး ကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။






မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်း (ပ) ၅၀/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ ပြစ်မှုကျူးလွန်သူ တရားခံ(ဝဲမှယာ) ဇော်ဖြိုးအောင်(၃၃)နှစ် (ဘ) ဦးစံမြင့်၊ ဒေါ်ရွှေစင်ဝင်း (၃၅)နှစ် (ဘ)ဦးလှဝင်းတို့နှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်တွင် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူမှ ၎င်းနှင့်လူမှုရေး ဖောက်ပြန်နေသည့် အမျိုးသားနှင့် ပူးပေါင်းကာ လုပ်ကြံသတ်ဖြတ်၍ လိမ်လည်သတင်းပေးတိုင်တန်းခဲ့မှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ဖမ်းဆီးရမိသူ တရားခံများဖြစ်သည့် ရွှေစင်ဝင်းနှင့် ဇော်ဖြိုးအောင်တို့နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဟူ၍ ရှိ...

❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...

❖ ထို့ကြောင့်ပညာအသက်သည်ဘဝတစ်သက် ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သင်္ဘေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်




**ရန်ကုန် မေ ၁**

၂၀၂၅ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်(CTUM)မှ အလုပ်သမားကိုယ်စားလှယ်များ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ဖတ်ကြားပြီး အလုပ်သမားကိုယ်စားလှယ်တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးတို့က အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့နှင့် စပ်လျဉ်း၍ ဂုဏ်ပြုဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair)အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်သမားမှတ်ပုံတင်ကတ်ပြား(Labour Card)ပြုလုပ်ပေးနေသော အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အလုပ်လာရောက်လျှောက်ထားသူများ၊ ပြပွဲတွင် ပါဝင်ပြသသော စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလုပ်သမားဝန်ကြီးဌာနသည် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှု လျော့နည်းကျဆင်းရေး၊ ပြည်တွင်း၊ ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေးအာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးရေး၊ အလုပ်သမားရေးရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြားအတွင်းရှိသူများကို ၎င်းတို့၏ အရည်အချင်း၊ ကျွမ်းကျင်မှုတို့နှင့်အညီ အလုပ်ရှင်၏ လိုအပ်ချက်နှင့် သင့်လျော်သည့် အလုပ်အကိုင်များရရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များကို တစ်နေရာတည်း၌ တွေ့ဆုံ၍ အချိန်ကုန်၊ ငွေကုန်သက်သာစွာနှင့် One Stop Service ဖြင့် အလုပ်အကိုင်များ ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို ကျင်းပလျက်ရှိရာ ယနေ့ကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီများ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်ရ အေဂျင်စီ စုစုပေါင်း ၅၂ ခုတို့မှ အလုပ်အကိုင်ရရှိရေးပြခန်းများ ပါဝင်ပြသခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ တာဝန်ခံအရာရှိများနှင့် တွေ့ဆုံ၍ လူမှုဖူလုံရေး အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်နှင့် ငွေလျော်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် (၄၀ ရာခိုင်နှုန်း)ကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နည်းစနစ်မှန်ကန်စွာ ပေးအပ်နိုင်ရေးအတွက် ဦးစီးဌာနအဖွဲ့ရုံးများမှ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**